မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ရက်၊ ၂၀၁၀ခုနှစ်၊ ဇန်နဝါရီ ၈ ရက်၊ သောကြာနေ့၊ အတွဲ(၄၉)၊ အမှတ်(၁၀၀)

နယ်စပ်ဒေသနေ ပြည်သူတွေဟာ လက်နက်ကိုင် ဆန့်ကျင်ဘက် အဖွဲ့အစည်းတွေရဲ့ဒဏ်ကြောင့် လူမှုစီးပွားဘဝ နိမ့်ကျလျက်ရှိကြတယ်။ ပြည်သူရဲ့လိုအပ်ချက် အဝဝကို တတ်စွမ်းသမျှဖြည့်ဆည်းပေးခြင်းအားဖြင့် ပြည်တွင်းသောင်းကျန်းမှုရဲ့ ဒဏ်ရာဒဏ်ချက်တွေကို ကုစားပေးကြရမှာဖြစ်တယ်။ ဒါကြောင့် ရဲဘော်တို့ဟာ နိုင်ငံတော်က ဆောင်ရွက်နေတဲ့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းတွေမှာ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်။

မိန့်ခွန်း ပြောကြား

ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး တပ်မတော် သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်း အမှတ်စဉ်(၇) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

(သတင်းစဉ်)



အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်တဲ့ ခေတ်မီမျိုးချစ်တပ်မတော်တည်ဆောက်ရေး ရောဂါရှာဖွေရေး၊ဆေးဝါးကျွမ်းကျင်နဲ့သူနာပြုပညာရပ်များ၌ ကမ္ဘာ့အဆင့်မီလေ့လာဆည်းပူး စွမ်းရည်သုံးရပ်နဲ့ပြည့်စုံတဲ့ တပ်မတော်သားကောင်းများဖြစ်ရန် ကျင့်ကြံကြိုးကုတ်အားထုတ်

နေပြည်တော် ဇန်နဝါရီ ၇

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၇) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ရဲဘော်တို့-

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၇)ရဲ့ သင်တန်းဆင်းပွဲ အခမ်းအနားမှာ ရဲဘော်တို့ သိသင့်သိထိုက်တာတွေကို အလေးအနက် မှာကြားသွားမှာဖြစ်တယ်။

ရဲဘော်တို့-

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ရဲ့ ရည်ရွယ်ချက်ဟာ **ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်မည့် အမျိုးသားတပ်မတော်အတွက် လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသော တပ်မတော်သူနာပြုများ၊ ဆေးဘက်ပညာသည်များနဲ့ ဆေးဝါးကျွမ်းကျင်သူများကို မွေးထုတ်ပေးရန်** ဖြစ်တယ်။

ရဲဘော်တို့-

ဒို့နိုင်ငံတော်ဟာ တိုင်းရင်းသားမျိုးနွယ်စုပေါင်း တစ်ရာကျော်တို့ ရှေးနှစ်ပေါင်းများစွာကတည်းက နေရာတိုင်း ဒေသတိုင်းမှာ တစ်သားတည်း နေထိုင်ခဲ့ကြတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဖြစ်တယ်။ သို့သော်လည်း ကိုလိုနီနယ်ချဲ့လက်အောက်ကို နှစ်ပေါင်းတစ်ရာကျော် ကျရောက်ခဲ့စဉ်မှာ သွေးခွဲအုပ်ချုပ်မှုကို ခံရခြင်းကြောင့် လွတ်လပ်ရေးကြိုးပမ်းမှုကာလမှာပင် သွေးကွဲမှုတွေ အမျိုးမျိုးပေါ်ပေါက်ခဲ့တယ်။ လွတ်လပ်ရေးရဖို့က ပထမဦးစားပေးဖြစ်တာကြောင့် ဒို့ခေါင်းဆောင်တွေဟာ တိုင်းရင်းသား သွေးစည်းညီညွတ်ရေးကို

စာမျက်နှာ ၈ ကော်လံ ၁ ✻

တီမ် အသင့်အတင့်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ် အသင့်အတင့် ဖြစ်ထွန်းမည်။

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဇန်နဝါရီ ၈ ရက်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ တာဝန်သိသိ လိုက်နာကျင့်ကြံ

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီကကြီးမှူး၍ တတိယအကြိမ် နေပြည်တော်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ပြပွဲပြိုင်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၆ရက်မှ ၁၀ရက်အထိ နေပြည်တော်ပျဉ်းမနား အောင်မင်္ဂလာကားဝင်းတွင် ကျင်းပလျက်ရှိသည်။

ယနေ့ကာလတွင် ယာဉ်သုံးစွဲမှုများ များပြားလာသည့်အလျောက် ယာဉ်အန္တရာယ်ကင်းဝေးရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ပြည်သူများလိုက်နာရန်အတွက် ပညာပေး ပြပွဲပြိုင်ပွဲများ ပြုလုပ်ပေးလျက်ရှိသည်။

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီသည် နေပြည်တော်ရှိ မြို့ငါးမြို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲများကို ပြုလုပ်ပေးသကဲ့သို့ နေပြည်တော်ပျဉ်းမနား၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေး ပြပွဲပြိုင်ပွဲများ ကျင်းပခဲ့သည်မှာ ယခုအခါ တတိယအကြိမ်တိုင်ခဲ့ပြီ ဖြစ်သည်။

ယာဉ်တိုက်မှုများကို လေ့လာကြည့်လျှင် ယာဉ်မောင်းများ ယာဉ်ကို မဆင်မခြင်မောင်းနှင်ခြင်း၊ အရှိန်ပြင်းစွာမောင်းနှင်ခြင်း၊ အရက်သေစာ သောက်စား၍ မောင်းနှင်ခြင်း၊ ခရီးသွားများ၊ လမ်းကူးသူများ ပေါ့ဆမှုများကြောင့် ဖြစ်ခြင်း၊ စက်ကိရိယာချွတ်ယွင်းခြင်းတို့ကြောင့် ဖြစ်ပွားခဲ့ရကြောင်း တွေ့ရှိရသည်။

ယခုအခါ ပြည်ထောင်စုတစ်ဝန်း လမ်းပန်းဆက်သွယ်မှုများ တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ ယာဉ်မောင်းသူများသည် စိတ်ချမ်းမြေ့စွာ မောင်းနှင်သွားလာရပြီး ယာဉ်ကြောများကိုလည်း သတ်မှတ်စည်းကမ်းအတိုင်း လိုက်နာမောင်းနှင်မည်ဆိုပါက ယာဉ်တိုက်မှုများ လျော့နည်းကျဆင်းသွားမည် ဖြစ်သည်။

ယာဉ်တစ်စီးနှင့်တစ်စီး အပြိုင်မောင်းနှင်ခြင်း၊ ယာဉ်ကြော မှားယွင်းမောင်းနှင်ခြင်း၊ ယာဉ်ကြောကို ပိတ်ဆို့ရပ်တန့်ထားခြင်းများကို ယာဉ်မောင်းသူများအားလုံးက ဂရုပြု ရှောင်ကြဉ်ကြရမည် ဖြစ်သည်။

ယခုအခါ ယာဉ်စည်းကမ်းဖောက်ဖျက်မှုများကို ခေတ်မီတိုင်းတာရေးပစ္စည်းကိရိယာများဖြင့် ကြည့်ရှုစစ်ဆေး အရေးယူလျက်ရှိသည်။

ယခုကဲ့သို့ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ပြပွဲပြိုင်ပွဲများ ပြုလုပ်ရခြင်းသည် ယာဉ်မောင်းသူများ၊ လမ်းကူးသူများအနေဖြင့် အသိပညာပေးမှုများကို ကျယ်ကျယ်ပြန့်ပြန့်သိရှိ၍ ယာဉ်အန္တရာယ်မှ ကင်းဝေးစေပြီး ယာဉ်နှင့်လမ်းစည်းကမ်းများကို တာဝန်သိသိ ကျင့်ကြံကြခြင်းဖြင့် ယာဉ်တိုက်မှုများ လျော့နည်းကျဆင်းသွားမည်သာ ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၈-၁-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၄၅ ၇။ **မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ အိုင်စီတီသုတ
- ၄:၂၀ ၄။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၄:၃၅ ၅။ မဟာဂီတ ချိုကြည်မြ
- ၄:၄၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၇။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
- ၅:၁၅ ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၅:၂၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅:၃၀ ၁၀။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ **ပြောင်းလဲဖြစ်ပေါ်လာသော ရာသီဥတု** (အပိုင်း-၁)
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၃။ လျှပ်တစ်ပြက်
- ၆:၃၀ ၁၄။ **ရွှာ** ဟာသ ဇာတ်လမ်းတွဲ **မဖုံးခင်က ပေါ်နှင့်သည်** မေတ္တာ၊ ချစ်ဖွယ်၊ ကဏန်း၊ မောင်ဟန်
- ၆:၅၀ ၁၅။ စောင့်မျှော်ရူစား ကြိုးဝိုင်းစကား
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားမှတ်တမ်း** (အပိုင်း-၆)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ စိုက်ပျိုးသုတ
- ၂၂။ ရှင်သန်နေသော သီချင်းများ တေးရေး-ကေအေတီ ဖြစ်စေခဲ့သော အပိုင်း(၂)
- ၂၃။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၅။ ရသစုံလင်ရုပ်မြင် ဇာတ်လမ်း **လူငယ်ပေါင်းချိန်** (တတိယတွဲ) (အပိုင်း-၄၄)

ကျောက်ဆည်မြို့၌ ဒီဇင်ဘာ စုပေါင်းလမ်းလျှောက်ပွဲကျင်းပ

ကျောက်ဆည် ဇန်နဝါရီ ၇

ကျောက်ဆည်မြို့နယ် ဒီဇင်ဘာအားကစားလ ဒုတိယပတ် စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၁၂ရက် နံနက် ၅နာရီက ကျင်းပရာ ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် အတွင်းရေးမှူး ဦးမောင်မောင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်သူနှင့် အတွင်းရေးမှူး ဦးအောင်မြင့်၊ ကျောက်ဆည်ခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်ဝမ်း၊ မြို့နယ်ဦးစီးမှူး ဦးကြည်မိုးသိန်းနှင့် ဝန်ထမ်းများ၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ အထက (၁၊၂၊၃)တို့မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်းအင်အား ၁၃၅၀၀ ပါဝင်ဆင်နွှဲကြသည်။ **(အပေါ်ပုံ)**

စုပေါင်းလမ်းလျှောက်

ရှေးဦးစွာ စုရပ်ဖြစ်သော ကျောက်ဆည်မြို့လက်ပြတိုင်မှ စတင်ထွက်ခွာကြပြီး ရန်ကုန်-မန္တလေးအဝေးပြေးလမ်းမကြီးအတိုင်း ပြည်ပန်းကျေးရွာအထိ တပျော်တပါး စုပေါင်းလမ်းလျှောက်၍ ကိုယ်လက်လေ့ကျင့်ခန်းများ ပြုလုပ်ကြသည်။ ထို့နောက် မြို့နယ်အားကစားကွင်းအတွင်း အားကစားနှင့်ကာယပညာဦးစီးဌာနမှ ကြီးမှူး၍ ကိုယ်လက်လေ့ကျင့်ခန်းတို့ကို ပြုလုပ်ကြသည်။

(ခရိုင် ပြန်/ဆက်)

ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

နေပြည်တော် ဇန်နဝါရီ ၇

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော MPRL E&P Pte Limited သည် ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် A-6 ၌ 3D Marine Seismic Acquisition Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေး ရေယာဉ် MV Veritas Voyager ဖြင့် ၂၀၁၀ခုနှစ် ဇန်နဝါရီ ၈ရက်မှ ဖေဖော်ဝါရီ ၂၈ရက်အထိ ဆောင်ရွက်သွားမည် ဖြစ်သည်။

တည်နေရာ

3D Marine Seismic Acquisition Surveyတိုင်းတာရေးလုပ်ငန်းများတွင် တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်မည့် ဧရိယာ တည်နေရာများမှာ Point-A မြောက်လတ္တီတွဒ် ၁၇ဒီဂရီ ၉မိနစ် ၄၇ဒသမ ၇၇စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ဒီဂရီ ၅၅မိနစ် ၁၈ဒသမ ၃၂စက္ကန့်၊ Point-B မြောက်လတ္တီတွဒ် ၁၇ဒီဂရီ ၇မိနစ် ၂၄ဒသမ ၂၉စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ဒီဂရီ ၁၅မိနစ် ၄၆ဒသမ ၆၁စက္ကန့်၊ Point-C မြောက်လတ္တီတွဒ် ၁၆ဒီဂရီ ၃၉မိနစ် ၆ဒသမ ၉၉စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ဒီဂရီ ၁၁မိနစ် ၅၈ဒသမ ၅၆စက္ကန့်၊ Point-D မြောက်လတ္တီ တွဒ် ၁၆ဒီဂရီ ၄၁မိနစ် ၂၉ဒသမ ၀၉စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ဒီဂရီ ၅၁မိနစ် ၆ဒသမ ၆၁စက္ကန့်အတွင်းတွင် ဖြစ်သည်။

အသိပေးကြေညာ

သို့ဖြစ်ပါ၍ ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် A-6 တွင် 3D Marine Seismic Acquisition Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေး ရေယာဉ် MV Veritas Voyager ဖြင့် ဆောင်ရွက်နေစဉ် ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာ ပတ်လည်အတွင်းကို ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချ ရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်းများ မပြုလုပ်ကြရန် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားသည်။

(သတင်းစဉ်)

စဉ့်ကူးမြို့နယ်၏ ဒီဇင်ဘာ အားကစားလ ဒုတိယပတ်အဖြစ် စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၁၂ရက်ကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်း မောင်လှနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ် အား/ကာ ဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်လူမှုရေး အသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ရပ်ကွက်ပြည်သူများ ပါဝင်ဆင်နွှဲကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ဖြူးမြို့နယ် အထက(၁) နှစ်(၉၀)ပြည့်နှင့် မြတ်ဆရာပူဇော်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၇

ပဲခူးတိုင်း (အရှေ့ပိုင်း) ဖြူးမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း(အမျိုးသားကျောင်း)၏ နှစ်(၉၀) ပြည့် အထိမ်းအမှတ်နှင့် (၁၀)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂ ရက်နှင့် ၃ ရက်တို့တွင် အဆိုပါကျောင်း၌ ကျင်းပသည်။

ဖွင့်လှစ်

ဖြူးမြို့ အမျိုးသားကျောင်းမှ ကျောင်းသား ကျောင်းသူဟောင်းများက ဦးစီးကျင်းပသည့် နှစ်(၉၀)ပြည့် အထိမ်းအမှတ် ဓာတ်ပုံနှင့် နံရံကပ်စာပေပြခန်းဖွင့်ပွဲကို ဇန်နဝါရီ၂ရက်တွင် ယင်းကျောင်းခန်းမ၌ ကျင်းပရာ ပြပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဦးအင်းလျောက်နှင့် ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်မြင့်ကျော်တို့က ပြခန်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အမျိုးသားကျောင်း၌ တာဝန်ထမ်းဆောင်ခဲ့ကြပြီး ကွယ်လွန်သွားခဲ့ကြသော ဆရာ ဆရာမများအား ရည်စူး၍ ဇန်နဝါရီ၃ရက်တွင် ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မြတ်ဆရာပူဇော်ပွဲ ကျင်းပရေးကော်မတီက ကြီးမှူး၍ ကျောင်းသား ကျောင်းသူဟောင်းများက အငြိမ်းစားဆရာ ဆရာမကြီးများအား ငွေကျပ် တစ်သိန်းစီဖြင့် ပူဇော်ကန်တော့ကြပြီး ကံစမ်းမဲများကို ဖောက်ပေးသည်။

ဆက်လက်၍ ကျောင်းသားဟောင်း အငြိမ်းစား သံအမတ်ကြီး ဗိုလ်မှူးချုပ် မျိုးအောင်(ငြိမ်း)က အမျိုးသားကျောင်းသားဟောင်းများ၏ အတွေ့အကြုံများကို ရှင်းလင်းပြောကြားပြီး မြတ်ဆရာပူဇော်ပွဲ ကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဦးအင်းလျောက်က ပူဇော်ပွဲဖြစ်မြောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ရှင်းလင်း ပြောကြားသည်။

ဂုဏ်ပြုစကား

ယင်းနောက် အငြိမ်းစားဆရာကြီး ဦးအောင်သန်းက ဩဝါဒစကားပြောကြားပြီး အဝေးရောက် ကျောင်းသားကျောင်းသူဟောင်းများကိုယ်စား ကျောင်းသူဟောင်း ဒေါ်အေးအေးကဝမ်းမြောက် ဂုဏ်ပြုစကား ပြောကြားသည်။

(သတင်းစဉ်)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်သင်တန်း အမှတ်စဉ်(၇) သင်တန်းဆင်း ဂုဏ်ပြုညစာ စားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီး၏ စုဝေးခန်းမ၌ ကျင်းပသည့် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်သင်တန်းအမှတ်စဉ် (၇) သင်တန်းဆင်း ဂုဏ်ပြုညစာ စားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၇

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်သင်တန်း အမှတ်စဉ်(၇) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ ညနေဖနာရီတွင် ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီး၏ စုဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက်ချီးမြှင့်သည်။

ဂုဏ်ပြုညစာ စားပွဲတက်ရောက်

အဆိုပါ သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ်ဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တပ်မတော်ဆေးတက္ကသိုလ် ကျောင်းအုပ်ကြီး၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ကျောင်းအုပ်ကြီး၊ အကြံပေးပုဂ္ဂိုလ်များ၊ ပါမောက္ခဌာနကြီးမှူးများ၊ ပါမောက္ခဌာနမှူးများ၊ ကထိကများ၊ ဆရာ ဆရာမများ၊ သင်တန်းဆင်း သင်တန်းသားများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ဖျော်ဖြေ

သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားအပြီးတွင် တပ်မတော် ဆေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီး၌ မြဝတီတေးဂီတအဖွဲ့နှင့် မြန်မာနိုင်ငံဂီတ အစည်းအရုံးတို့မှ အနုပညာရှင်များက အဆိုအကများဖြင့်လည်းကောင်း၊ မြဝတီ အငြိမ့်အဖွဲ့က အငြိမ့်ဖြင့်လည်းကောင်း ဖျော်ဖြေကြသည်။ **(သတင်းစဉ်)**

စာအုပ်စာပေ လူ့မိတ်ဆွေ

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားသံတမန်များ ချစ်ကြည်ရေး ဂေါက်သီးရိုက်ပြိုင်ပွဲ နေပြည်တော်၌ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၇

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားသံတမန်များ ချစ်ကြည်ရေး ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇန်နဝါရီ ၄ရက် နံနက် ၆နာရီခွဲက နေပြည်တော် မြို့တော်ဂေါက်ကွင်း၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မြင့်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်များအဖွဲ့ နာယက စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Robert Chua Hian Kong ခေါင်းဆောင်သော သံတမန်များနှင့် သံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂ ဌာနေကိုယ်စားလှယ် Mr. Bishow B. Para Juli နှင့် ကုလသမဂ္ဂ အဖွဲ့ရုံးများမှ ကိုယ်စားလှယ်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာထမ်းများ ပါဝင်ယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲ၏ ဆုပေးပွဲ အခမ်းအနားကို နေပြည်တော်ရှိ Mount Pleasant Hotel ၏ Mount Pleasant Tower၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီးဦးမောင်မြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်းများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်များအဖွဲ့ နာယက စင်ကာပူသမ္မတနိုင်ငံသံအမတ်ကြီး ခေါင်းဆောင်သော သံတမန်များနှင့် သံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် ဌာနေကိုယ်စားလှယ်တို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားသံတမန်များ ချစ်ကြည်ရေး ဂေါက်သီးရိုက်ပြိုင်ပွဲတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (နိုင်ငံခြားရေး)

တိုက်ကြီးမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၇

တိုက်ကြီးမြို့နယ်အသင်း (ရန်ကုန်)၏ (၃၂)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ၂၄ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗဟိုလမ်း ရှမ်းကျောင်းကြီး(ဗားကရာတိုက်) ဝင်းအတွင်းရှိ အသင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများအားလုံး တက်ရောက်ပါရန်နှင့် ဂုဏ်ထူး၊ ဘွဲ့ထူးရ ပုဂ္ဂိုလ်များ၊ တက္ကသိုလ်ဝင်တန်း ၂၀၀၉ခုနှစ် စာမေးပွဲတွင် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများသည် ဇန်နဝါရီ ၂၀ရက် နောက်ဆုံးထား၍ ဦးသိန်းအောင် (ဥက္ကဋ္ဌ) ဖုန်း-၅၂၆၁၆၄၊ ဦးထွန်းအောင် (ဒုတိယ ဥက္ကဋ္ဌ)ဖုန်း-၅၃၅၀၂၃နှင့် ဦးတင်ငွေ(ဒုတိယဥက္ကဋ္ဌ)ဖုန်း-၂၂၁၇၄၅တို့သို့ ဆက်သွယ်သတင်းပေးပို့ကြရန် နှိုးဆော်ထားသည်။ ***(သတင်းစဉ်)***

TV Guide အိမ်တိုင်ရာရောက် ဖတ်ရှုနိုင်ပြီ

ရန်ကုန် ဇန်နဝါရီ ၇

ဇန်နဝါရီ ၈ရက်(သောကြာနေ့)တွင် ဖြန့်ချိမည့် TV Guide အတွဲ(၁)၊ အမှတ်(၂၇)တွင် MTV ရုပ်သံလိုင်း၌ပြသမည့် လူငယ်များအကြောင်း တင်ဆက်ထားသည့် Laguna Beach ဓာတ်လမ်းတွဲအကြောင်း၊ Behind the Screen အစီအစဉ်တွင် ထုတ်လွှင့်ပေးမည့် သိပ္ပံဓာတ်ကားကောင်းတစ်ကားဖြစ်သည့် Avator ဓာတ်ကားအကြောင်းနှင့် ၁၆ နှစ်ပြည့်မွေးနေ့ကို ဆင်နွှဲကြမည့် ဆယ်ကျော်သက်လေးများ၏ My Super Sweet 16 အစီအစဉ်၊ Channel V ရုပ်သံလိုင်းတွင် ပြသမည့် ၂၀၁၀ခုနှစ် Channel V Sports Light Artist အဖြစ် ရွေးချယ်ခံရသည့် Jamie Cullum အကြောင်း၊ Star World ရုပ်သံလိုင်းတွင် တိုက်ရိုက်ပြသမည့် American Idol အစီအစဉ်၏ Season အသစ်၊ ESPN နှင့် Star Sports ရုပ်သံလိုင်းများတွင် တိုက်ရိုက်ပြသမည့် လီဗာပူး-တော့တင်ဟမ်၊ ဟူးလ်စီးတီး- ချယ်လ်ဆီး၊ ဝီဂန်-အက်စ်တွန် ဗီလာ၊ ဝက်စ်ဟမ်း-ဝုဗ်၊ အာဆင်နယ်-အဲဗာတန်၊ ဘာမင်ဂမ်-မန်ယူ၊ မန်စီးတီး-ဘလက်ဘန်း ပွဲစဉ်များ၏ ပွဲကြိုသုံးသပ်ချက်များ၊ Animal Planet ရုပ်သံလိုင်းတွင်ပြသမည့် ထိုင်းနိုင်ငံနှင့်ဆင်များအကြောင်း၊ Net Geo Wild ရုပ်သံလိုင်းတွင်ပြသမည့် တကယ်ရှိနေသည့်ဒေင်ဥယျာဉ်အကြောင်း၊Travel & Living ရုပ်သံလိုင်းတွင်ပြသမည့် အန်ကောဝပ်ဘုရားကျောင်းကြီးနှင့် ကမ္ဘောဒီးယားယဉ်ကျေးမှုများ၊ NGC ရုပ်သံလိုင်းတွင်ပြသမည့် လန်ဒန်တစ်မြို့လုံးကို ရေပေးဝေနိုင်သည့် ရေတံခွန်ကြီးအကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး စိတ်ဝင်စားသူများ ကြည့်သင့်သည့် Hungry City အစီအစဉ်၊ ပရိသတ်များ တောင်းဆိုသည့်အတွက် ပြန်လည်ထုတ်လွှင့်ပေးမည့် နှစ်သစ်ကူးရဲ့ဒဏ္ဍာရီ ထုတ်လွှင့်မည့် Mandalay FM၊ MRTV-4 ရုပ်သံလိုင်းတွင် ပြသမည့် ဖော်ဝင်းထွဋ် ပြောပြသည့် ဖော်ဝင်းထွဋ်အကြောင်း၊ သူငယ်ချင်းများ ပြောပြမည့် တာရာမင်းဝေအကြောင်း၊ ထူးချွန်မောင်မယ် အစီအစဉ်၊ ငွေဆောင်ကမ်းခြေမှာ တကူးတကသွားရောက်ရိုက်ကူးခဲ့သည့် Fashion Music Festival အကြောင်းများ ပါဝင်ပြီး ပါဝင်နေကျ ကဏ္ဍများ၊ တစ်ပတ်စာအစီအစဉ်များ ပါဝင်သည်။

အိမ်တိုင်ရာရောက်

TV Guide စာစောင်ကို တစ်စောင်လျှင် ကျပ် ၅၀၀နှုန်းဖြင့် City Mart များ၊ စိန်ဂေဟာစင်တာများ၊ Shopping Centre များ၊ စာအုပ်ဆိုင်များ၊ ဂျာနယ်ဆိုင်များတွင် ဝယ်ယူနိုင်ကြောင်းနှင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် အိမ်တိုင်ရာရောက် အစီအစဉ် ရှိနေပြီဖြစ်ကြောင်း သိရသည်။

စောင့်မျှော်

မိမိနှင့် မိသားစုဝင်များ၏ အားလပ်ချိန်များကို တန်ဖိုးရှိရှိအသုံးချနိုင်ရန်နှင့် အစီအစဉ်ကောင်းများကို လက်မလွှတ်စေရန်အတွက် TV Guide ရုပ်မြင်သံကြား လမ်းညွှန်ကို Novel Light Express (Tel; 391186, 243893) ဖြန့်ချိရေးမှ ဖြန့်ချိလိုက်ပြီဖြစ်ရာ အပတ်စဉ်သောကြာနေ့တိုင်း စောင့်မျှော်ဖတ်ရှုနိုင်ပြီဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

၁၉၇၂-၁၉၈၀ ခုနှစ် ဆေးတက္ကသိုလ်(၁) ရန်ကုန် ကျောင်းသား ကျောင်းသူဟောင်းများ တွေ့ဆုံပွဲ

ရန်ကုန် ဇန်နဝါရီ ၇

၁၉၇၂-၁၉၈၀ ခုနှစ် ဆေးတက္ကသိုလ် (၁) ရန်ကုန် ကျောင်းသားကျောင်းသူဟောင်းများ၏ တွေ့ဆုံပွဲ၊ ကွယ်လွန်သွားသည့် ဆရာကြီး ဆရာမကြီးများနှင့် သူငယ်ချင်းများအတွက် ရည်စူး၍ ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၉ရက် (စနေနေ့) နံနက်၉နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ ကျားကူးခမ္ဘဗိမာန်၌ ကျင်းပမည်ဖြစ်၍ လှူဒါန်းလိုသူများသည် ဒေါက်တာနိုင်ဝင်း ဖုန်း-၀၉-၅၁-၂၇၄၇၇၊ ဒေါက်တာဝင်းမြတ်အေး ဖုန်း-၀၉-၅၀-၀၄၅၄၈၊ ဒေါက်တာခင်သီရိ ဖုန်း-၀၉-၅၁-၂၂၇၃၂နှင့် ဒေါက်တာသော်တာမြင့် ဖုန်း-၀၉-၅၁-၃၆၅၈၄တို့သို့ ဆက်သွယ်နိုင်ပြီး မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားသည်။ **(သတင်းစဉ်)**

ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စက်မှုဖွံ့ဖြိုးရေး ဘာရိန်း၌ စက်မှုမြို့သစ်ဖွင့်

မာနာမာ ဇန်နဝါရီ ၇

ဘာရိန်းနိုင်ငံ၏ ကုန်သွယ်မှုမြှင့်တင်ရေး၊ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်သစ်များ ပိုမိုဖန်တီးနိုင်ရေးအတွက် အဓိကစက်မှုမြို့တော်ကို ဇန်နဝါရီ ၆ရက်က ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း ဘာရိန်းသတင်းအေဂျင်စီ (ဘီအင်န်အေ)က သတင်းထုတ်ပြန်သည်။

စစ်ဆေး

ယင်းစက်မှုမြို့သစ်၌ ပြည်တွင်းနှင့် ပြည်ပကုမ္ပဏီပေါင်း ၁၅၆ခုက အမေရိကန်ဒေါ်လာ ၃ဒသမ၅ဘီလီယံ ရင်းနှီးမြှုပ်နှံထားကြမည်ဖြစ်ကာ နောင်လာမည့် နှစ်အနည်းငယ်အတွင်း ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၇ဒသမ၆ ဘီလီယံသို့ ရောက်ရှိလာမည်ဖြစ်ကြောင်း ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန ဝန်ကြီးဟတ်စ်ဆန်ဖတ်စ်ဟာက ပြောကြားသည်။

ခန့်မှန်း

စက်မှုမြို့တော်၌ ယခုအချိန်တွင် အလုပ်အကိုင်သစ် ၁၅၅၀၀ကို ဖန်တီးနိုင်မည်ဟု ခန့်မှန်းထားပြီး လာမည့်သုံးနှစ်အတွင်း၌ အလုပ်အကိုင်သစ် ၃၄၀၀၀အထိ ဖန်တီးပေးနိုင်မှာဖြစ်ကြောင်း ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနဝန်ကြီးက ထပ်လောင်းပြောကြားသည်။

တက်ရောက်

ဘာရိန်းဘုရင် ဟာမတ်ဘင်အီဆာအယ်လ်-ကာလီဖာလည်း စက်မှုမြို့သစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နဂါးရုပ်ပုံဖော်ပြထား

တရုတ်နိုင်ငံ ပေကျင်းမြို့၌ ကျင်းပသည့် ပန်းပြပွဲတွင် ပန်းများဖြင့် သရုပ်ဖော်ထားသော နဂါးရုပ်ကို ဇန်နဝါရီ ၆ရက်က တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

ရုရှား၌ ကားဗုံးပေါက်ကွဲ ခြောက်ဦးသေဆုံး

မော်စကို ဇန်နဝါရီ ၇

ရုရှားနိုင်ငံ ဒါဂိုစတန်ပြည်နယ် မက်ဟာကာလာမြို့ရှိ ရဲတပ်ဖွဲ့ဌာနချုပ်အပြင်ဘက်၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားရာ **(အောက်ပုံ)** ရဲတပ်ဖွဲ့ဝင် ခြောက်ဦးသေဆုံးပြီး အခြား၁၀ ဦးဒဏ်ရာရရှိကြောင်း ဇန်နဝါရီ ၆ ရက်တွင် ရုရှားနယူးစ်အေဂျင်စီက သတင်းထုတ်ပြန်သည်။ ယင်းဖြစ်ပွားမှုနှင့်ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာနက စုံစမ်းစစ်ဆေးလျက်ရှိသည်။

အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် မတည်မငြိမ်ဖြစ်ခဲ့သော ၄င်းနိုင်ငံမြောက်ပိုင်း ကော့ကေးဆပ်ပြည်နယ်၌ မကြာသေးမီက တပ်ဖွဲ့ဝင်များနှင့် စစ်သွေးကြွများ တိုက်ပွဲဖြစ်ပွားခဲ့သည်။

(အင်တာနက်)

စီအိုင်အေ ထောက်လှမ်းရေးလုပ်ရပ် ဘဝင်မကျဟု အမေရိကန်ဗိုလ်ချုပ် ပြောကြား

ဝါရှင်တန် ဇန်နဝါရီ ၇

အာဖဂန်နစ္စတန်ရှိ အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ၏ ထောက်လှမ်းရေးလုပ်ရပ်သည် ဘဝင်မကျဟု ထိပ်တန်းအမေရိကန်ထောက်လှမ်းရေး အရာရှိတစ်ဦးက ဝေဖန်လိုက်ပြီး မကြာမီက အမေရိကန်စီအိုင်အေထောက်လှမ်းရေး ခုနစ်ဦး သေဆုံးခဲ့ရခြင်းကို ဥပမာပေး ရည်ညွှန်းပြောကြားသွားသည်။

ပြောကြား

အာဖဂန်နစ္စတန်နိုင်ငံရှိ နိုင်ငံခြားတပ်ဖွဲ့ဝင် ၁၁၃၀၀၀ခန့်သည် တိကျသည့် ထောက်လှမ်းရေးအချက်အလက်များမရရှိကြသဖြင့် သူတို့၏စစ်ဆင်ရေး အဆင်မပြေကြကြောင်း မြောက်အတ္တလန္တိတ်စစ်စာချုပ်အဖွဲ့(နေတိုး)ထိပ်တန်းအရာရှိနှင့် အမေရိကန် ဗဟိုထောက်လှမ်းရေးအကြီးအကဲ ဗိုလ်ချုပ်မိုက်ကယ်ဖလိုင်းန်က ပြောကြားသည်။

လိုအပ်

ထို့ကြောင့် အခြေခံမှစ၍ ပြုလုပ်သွားရန် လိုအပ်နေကြောင်းလည်း ဗိုလ်ချုပ်ဖလိုင်းန်က ဆက်လက်ပြောကြားသည်။

(အင်တာနက်)

တူရကီ ရဲတပ်ဖွဲ့ဝင်များ ပြည်နယ်လေးခုတွင် စစ်ဆင်ရေးဆင်နွှဲ

အင်ကာရာ ဇန်နဝါရီ ၇

တူရကီရဲတပ်ဖွဲ့ဝင်များသည် ပြည်နယ်လေးခု၌ တစ်ပြိုင်နက်စစ်ဆင်ရေးများ ပြုလုပ်ပြီး မတရားအသင်းကြေညာထားသည့် ကာဒစ္စတန်အလုပ်သမားပါတီ (ပီကေကေ)နှင့် အဆက်အသွယ်ရှိသည်ဟု မသင်္ကာသူ ၂၀ကို ဖမ်းဆီးလိုက်သည်။

စစ်ဆေး

အကြမ်းဖက်သမားချေမှုန်းရေး ရဲတပ်ဖွဲ့ဝင်များသည် တူရကီတောင်ပိုင်းပြည်နယ်များဖြစ်သည့် မာစင်၊ ဂါဇီယန်တပ်နှင့် ဟာတေတို့အပါအဝင် တူရကီအရှေ့ပိုင်း အာဒီယာမင်ပြည်နယ်တို့ရှိ နေရာ၂၂ နေရာတွင် အရဏ်တက်ချိန်၌ အဆိုပါ မသင်္ကာသူများကို ဝင်ရောက်ဖမ်းဆီးလိုက်ကြောင်း၊ ထိုသူအားလုံးကိုစစ်ဆေးရန် ဂါဇီယန်တပ်သို့ ခေါ်ဆောင်သွားကြောင်း အနာတိုလီယာ သတင်းဌာနက ဖော်ပြသည်။

ဖမ်းဆီး

အဆိုပါဖမ်းဆီးမှုများသည် ဒီဇင်ဘာလတွင် ပြုလုပ်ခဲ့သည့် စစ်ဆင်ရေးနှင့် တစ်ပြိုင်တည်းပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒီဇင်ဘာလကပြုလုပ်ခဲ့သည့် စစ်ဆင်ရေးမှာ ပီကေကေနှင့် အဆက်အသွယ်ရှိသော ပြည်နယ်၁၁ခု၌ ပြုလုပ်ခဲ့သည့် စစ်ဆင်ရေး အတွင်း ၃၁ ဦးကို ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

အီရန်လက်မှုပစ္စည်း တင်ပို့မှုမြင့်တက်

တီဟီရန် ဇန်နဝါရီ ၇

မတ် ၂၁ရက်က စတင်သည့် အီရန်လက်ရှိဘဏ္ဍာနှစ်၏ ပထမရှစ်လအတွင်း ပြည်ပသို့တင်ပို့သည့် လက်မှုပညာပစ္စည်းများ၏တန်ဖိုးသည် ဒေါ်လာ ၁၀၆သန်းအထိရှိနေကြောင်း အီရန်အစိုးရက ကြေညာသည်။

ခြောက်ဆမြင့်တက်

လက်မှုအနုပညာမြောက်ပစ္စည်းများကို ပြည်ပနိုင်ငံများသို့ တင်ပို့ရာ၌ မတ်လမှ နိုဝင်ဘာလအထိ ခြောက်ဆ တိုးမြင့်လာခဲ့ရာ ယမန်နှစ် အလားတူ ကာလကထက် ခြောက်ဆမြင့်တက်လာခဲ့ ခြင်းဖြစ်သည်ဟု လက်မှုပညာပစ္စည်းနှင့် ခရီးသွားလုပ်ငန်းဌာနမှ အာမက်ဘာလန်က ပြောကြားသည်။

တန်ဖိုးထား

ယင်းကဲ့သို့ ပြည်ပသို့ အီရန်လက်မှုပစ္စည်းတင်ပို့မှု မြင့်တက်လာခြင်းသည် အီရန်လက်မှုပညာအား ကမ္ဘာတစ်ဝန်းက အမြတ်တနိုးတန်ဖိုးထားလာသည်ကို ပြသခြင်းဖြစ်သည်ဟု ၄င်းကဆက်လက်ပြောကြားသည်။

(အင်တာနက်)

ဘိန်းဖြူ ၉၅ကီလိုဂရမ် တူရကီရဲတပ်ဖွဲ့ သိမ်းဆည်းရမိ

အင်ကာရာ ဇန်နဝါရီ ၇

တူရကီနိုင်ငံ အရှေ့ပိုင်း ဗန်ပြည်နယ်၌ တူရကီရဲတပ်ဖွဲ့၏ မူးယစ်နှိမ်နင်းရေးစစ်ဆင်မှုအတွင်း ဘိန်းဖြူ ၉၅ကီလိုဂရမ်ကို ဇန်နဝါရီ ၅ရက်က သိမ်းဆည်းရမိကြောင်း အနာတိုလီယာသတင်းဌာနက ထုတ်လွှင့်သည်။ ၄င်းနိုင်ငံသည် အာရှနှင့် အရှေ့အလယ်ပိုင်းဒေသများမှ မူးယစ်ဆေးဝါးများကို ဥရောပသို့ မှောင်ခိုတင်သွင်းရာလမ်းကြောင်းဖြစ်သည်။ (အင်တာနက်)

ကုလသမဂ္ဂဝန်ထမ်းနှင့် ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင် ၃၅ဦး အကြမ်းဖက်မှုကြောင့် ၂၀၀၉ခုနှစ်အတွင်း သေဆုံးရ

ဂျီနီဗာ ဇန်နဝါရီ ၇

၂၀၀၉ခုနှစ်အတွင်း၌ ဖြစ်ပွားသည့် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ကုလသမဂ္ဂဝန်ထမ်းနှင့် ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များအပါအဝင် စုစုပေါင်း ၃၅ဦးထက်မနည်း သေဆုံးခဲ့ရကြောင်း ကုလသမဂ္ဂက ထုတ်ဖော်ပြောကြားသည်။

ကြေညာ

ကမ္ဘာတစ်ဝန်း၌ တာဝန်ထမ်းဆောင်သည့် ကုလသမဂ္ဂဝန်ထမ်း အနည်းဆုံး ၂၈ဦးနှင့် ငြိမ်းချမ်းရေးထိန်းသိမ်းရေး တပ်ဖွဲ့ဝင် ခုနစ်ဦးတို့ ၂၀၀၉ခုနှစ်အတွင်း သေဆုံးခဲ့သည်ဟု ကုလသမဂ္ဂ ဝန်ထမ်းအဖွဲ့ ကော်မတီက ကုလသမဂ္ဂဌာနချုပ်တွင် ဇန်နဝါရီ ၅ရက်က ကြေညာသည်။

(အင်တာနက်)

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်ရှိ နာဆာအာကာသစခန်းမှ ဖေဖော်ဝါရီ ၂ရက်တွင် လွှတ်တင်မည့် အာကာသယာဉ်လန့်ချ်ပတ် ၃၉-အေ ပြင်ဆင်ထားရှိမှုကို ဇန်နဝါရီ ၆ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အီရန်နှင့်တာ့ခ်မင်နစ္စတန် သဘာဝဓာတ်ငွေ့ပိုက်လိုင်းသွယ်

တီဟီရန် ဇန်နဝါရီ ၇

အီရန်နိုင်ငံသို့ သဘာဝဓာတ်ငွေ့များ တိုးမြှင့်တင်ပို့နိုင်မည့် ဓာတ်ငွေ့ပိုက်လိုင်းအသစ်တစ်ခုကို အီရန်နှင့် တာ့ခ်မင်နစ္စတန်နိုင်ငံတို့ ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း အင်တာနက် သတင်းတစ်ရပ်တွင် ဖော်ပြသည်။

တက်ရောက်

တာ့ခ်မင်နစ္စတန်နိုင်ငံ အရှေ့တောင်ပိုင်းရှိ ဒိုဗီတီဗက် သဘာဝဓာတ်ငွေ့ထွက်ရှိရာဒေသတွင် ၃၀ကီလိုမီတာအရှည်ရှိ ဓာတ်ငွေ့ပိုက်လိုင်းသစ်တစ်ခု ဖွင့်မည့် အခမ်းအနားကို အီရန်သမ္မတမာမွတ်အာမက်ဒီနီဂျက်နှင့် တာ့ခ်မင်နစ္စတန်သမ္မတ အာဒီမူခါမီဒေါ့တို့ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ပါကစ္စတန် ငါးဖမ်းသင်္ဘော ပင်လယ်ဓားပြတို့ ပြန်လွှတ်ပေး

မိုဂါဒစ်ရှူး ဇန်နဝါရီ ၇

ဆိုမာလီပင်လယ်ဓားပြများသည် အိန္ဒိယသမုဒ္ဒရာ၌ ဗြိတိန်နိုင်ငံပိုင် မော်တော်ကားတင်သင်္ဘောတစ်စင်းကို ပြန်ပေးဆွဲရာ၌ ယင်းတို့အပိုင်စီးထားသော ပါကစ္စတန်ငါးဖမ်းသင်္ဘောတစ်စင်းအား အသုံးပြုခဲ့ပြီးနောက် ထိုပါကစ္စတန်ငါးဖမ်းသင်္ဘောကို ပြန်လွှတ်ပေးလိုက်ပြီဖြစ်သည်။

ပြန်လွှတ်ပေး

ယင်းပါကစ္စတန်ငါးဖမ်းသင်္ဘောနှင့် သင်္ဘောသား ၂၉ ဦးကို ဆေးရုံကျွန်းမြောက်ဘက် ရေမိုင် ၉၀၀ ခန့်အကွာ၌ ဇန်နဝါရီ ၂ ရက်က ပြန်လွှတ်ပေးလိုက်သည်။ အဆိုပါ ပါကစ္စတန် ငါးဖမ်းသင်္ဘောကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၆ ရက်က ပြန်ပေးဆွဲသွားခဲ့ခြင်း ဖြစ်သည်။ **(အင်တာနက်)**

တောင်ပစိဖိတ်ရှိ ဆော်လမွန်ကျွန်းနိုင်ငံ မြေငလျင်နှင့် ဆူနာမီဒီလှိုင်းရိုက်ခတ်ခံရပြန်

ဟိုနီရာရာ ဇန်နဝါရီ ၇

တောင်ပစိဖိတ်ရှိ ဆော်လမွန်ကျွန်းနိုင်ငံတွင် မြေငလျင်ပြင်းလှုပ်သဖြင့် မြေပြိုပြီး ဆူနာမီဒီလှိုင်းများရိုက်ခတ်မှုကြောင့် ပြည်သူ ၁၀၀၀ခန့် အိုးမဲ့အိမ်မဲ့ဘဝရောက်ရှိကြရကြောင်း ဇန်နဝါရီ ၅ရက်၌ အရာရှိများက ပြောကြားသည်။

မျက်မြင်တွေ့ရှိ

အင်အားရစ်ချ်တာစကေး ၇ ဒသမ ၂ရှိ မြေငလျင်အပါအဝင် ဇန်နဝါရီ ၄ရက်က မြေငလျင်များ ဆက်တိုက်လှုပ်ပြီးနောက် ဇန်နဝါရီ ၅ ရက်အထိ ဆက်လက်လှုပ်နေသဖြင့် ဆူနာမီဒီလှိုင်းများ အမြင့်ရှစ်ပေအထိတက်ကာ ရေလွှမ်း၊ မြေပြိုမှုများ ကြုံကြရသည်ဟု ဆိုသည်။ ထိခိုက်ပျက်စီးမှုများကြီးမားကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသော်လည်း အသေအပျောက်စာရင်း မသိရသေးဟု ဆိုသည်။ ***(အင်တာနက်)***

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ - စုစည်းရေးသားသည်

စီးပွားရေးလုပ်ငန်းပေါင်းစုံ ကော်ပိုရေးရှင်းဖွင့်မည်

တောင်ကိုရီးယားအစိုးရက စီးပွားရေးအချက်အချာမြို့တော်အဖြစ် ပြောင်းလဲသတ်မှတ်ရန် ရည်ရွယ်ထားသည့် မြို့သစ်တွင် ဆမ်ဆောင်းအီလက်ထရွန်နစ်ကုမ္ပဏီ လီမိတက်၊ အက်စ်ကေဂရု(ပ်)နှင့်ဟန်ဟွာဂရု(ပ်)တို့အပါအဝင် စီးပွားရေးလုပ်ငန်းများကို ပူးပေါင်းတည်ထောင်ထားသော ကော်ပိုရေးရှင်းကြီးသည် စီးပွားရေးစစ်ဆင်မှုလုပ်ငန်းများ ပြုလုပ်သွားတော့မည်ဟု မျှော်လင့်ရကြောင်း ဒေသဆိုင်ရာမီဒီယာများက ဇန်နဝါရီ ၇ရက်တွင် ဖော်ပြသည်။

မက္ကဆီကို၌ အပူချိန် ရေခဲမှတ်အောက်ရောက်ရှိ

မက္ကဆီကိုနိုင်ငံ ဒူရန်ဂိုပြည်နယ်တွင် ဇန်နဝါရီ ၆ရက်က အပူချိန်ရေခဲမှတ်အောက် ၁၁ဒီဂရီစင်တီဂရိတ်ရှိနေကာ အအေးလွန်ကဲသည့် ရာသီဥတုဒဏ်ကို ခံစားကြရကြောင်း မက္ကဆီကို အစိုးရ အမျိုးသားမိုးလေဝသဌာနက သတင်းထုတ်ပြန်သည်။

ဆွစ်ဇာလန်တွင် ပုံးဖောက်ခွဲမည့်အရေး သတိပေး

ဆွစ်ဇာလန်နိုင်ငံ ဘန်းမြို့ရှိ အမေရိကန်သံရုံးအပြင်ဘက်၌ မသင်္ကာစရာအထုပ်တစ်ထုပ် တွေ့ရှိရသဖြင့် ဆွစ်ဇာလန်ရဲတပ်ဖွဲ့က ဇန်နဝါရီ ၆ရက်တွင် ပုံးဖောက်ခွဲမည့် အခြေအနေသတိပေးချက်တစ်ရပ် ထုတ်ပြန်ထားသည်ဟု ဆွစ်ဇာလန်အစိုးရ ဆွစ်ဆင်ဖို-စီအိပ်ချ်သတင်းဝက်ဘ်ဆိုက်၌ ဖော်ပြထားသည်။

ကားမောင်းရင်း ပစ်ခတ်ခံရ၊ ခြောက်ဦးသေဆုံး

အီဂျစ်နိုင်ငံတောင်ပိုင်း ကော့ပတစ်ခရစ္စမတ်ပွဲမှပြန်လာသည့် လူခြောက်ဦးထက်မနည်းသည် ကားမောင်းရင်း သေနတ်ဖြင့်အပစ်ခံရသဖြင့် သေဆုံးသွားကြရကြောင်း အီဂျစ်လုံခြုံရေးအရာရှိများက ပြောကြားသည်။ အီဂျစ်နိုင်ငံတောင်ပိုင်းတွင် အကြီးဆုံးမြို့ဖြစ်သည့် လူဇောမြို့မှ ကီလိုမီတာ ၆၀အကွာ နတ်ဟာမာဒီမြို့၌ ဇန်နဝါရီ ၇ရက် နံနက်စောစောပိုင်းက ယင်းကဲ့သို့ ပစ်ခတ်တိုက်ခိုက်သွားခြင်းဖြစ်သည်။

အင်ဒိုနီးရှားသမားတော်များ တိုင်းရင်းဆေး အသုံးပြုခွင့်ရ

အင်ဒိုနီးရှားနိုင်ငံ၌ ပြည်တွင်းသမားတော်များသည် လူနာများအားကုသရာတွင် ဆေးဖက်ဝင်အပင်များဖြင့် ဖော်စပ်ထားသော ရိုးရာတိုင်းရင်းဆေးကိုပါ အသုံးပြုရန် အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာနက တရားဝင်ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း ဘစ်နစ်အင်ဒိုနီးရှားသတင်းစာက ဇန်နဝါရီ ၇ရက်၌ ဖော်ပြသည်။

ကော်စတာရီကာ၌ မီးတောင် ထပ်မံပေါက်ကွဲနိုင်

ကော်စတာရီကာနိုင်ငံတွင် ဇန်နဝါရီ ၅ရက်က စတင်ပေါက်ကွဲခဲ့သည့် တာရီယန်ဘာမီးတောင် ထပ်မံပေါက်ကွဲမည့်အခြေအနေကို သတိပြုကြရန် နှိုးဆော်ချက်ထုတ်ပြန်ထားသည်။

ဘီလာရုစ်သို့ ရုရှားရေနံတင်ပို့ရေး ဆွေးနွေးမှုရပ်ဆိုင်း

ရုရှားနိုင်ငံသည် ယခင်ဆိုဗီယက်ပြည်ထောင်စု၏အိမ်နီးချင်း ဘီလာရုစ်နိုင်ငံသို့ ဖြန့်ဖြူးရောင်းချနေသည့် ရုရှားရေနံနှင့်ပတ်သက်သည့် ဆွေးနွေးမှုများကို ရပ်ဆိုင်းလိုက်ကြောင်း ဘီလာရုစ်နိုင်ငံက ဇန်နဝါရီ ၆ရက်တွင် သတင်းထုတ်ပြန်သည်။

အင်ဒိုနီးရှားနိုင်ငံတစ်ဝန်း မိုးသည်းထန်ပြီးရေလွှမ်း

အင်ဒိုနီးရှားနိုင်ငံ နိုင်ငံတစ်ဝန်းတွင် ဇန်နဝါရီ ၆ရက်က မိုးသည်းထန်စွာရွာပြီး ရေလွှမ်းမိုးသဖြင့် တောင်ဆူလာဝေစီပြည်နယ်တွင် လူနှစ်ဦးသေဆုံးသွားရကြောင်း အန်တာရာသတင်းဌာနက ဇန်နဝါရီ ၇ရက်၌ သတင်းထုတ်ပြန်သည်။ (အောက်ပုံ)

ဘတ်စ်ကားတစ်စီး ချောက်ထဲထိုးကျ၊ လူ ၂၀သေဆုံး

ဘိုလီးဗီးယားနိုင်ငံအလယ်ပိုင်း၌ လာပက်မြို့မှ လီမာမြို့သို့လာသော ဘတ်စ်ကားတစ်စီး ဇန်နဝါရီ ၆ရက်က ချောက်ထဲထိုးကျသွားသဖြင့် ခရီးသည် ၂၀ ထက်မနည်းသေဆုံးပြီး ၂၆ဦး ဒဏ်ရာရရှိသွားသည်။ ***(အင်တာနက်)***

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ကလောနှင့် အောင်ပန်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၆ရက် နံနက်ပိုင်းက ကလောမြို့နှင့် အောင်ပန်းမြို့အတွင်း ဖွံ့ဖြိုးတိုးတက်မှုနှင့် သန့်ရှင်းသာယာလှပမှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ညောင်ရွှေမြို့ ၂၀၀၉-၂၀၁၀ ကြံရာသီအထူးစံပြ လမိုင်းစံကွက်ရိတ်သိမ်းပွဲကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

အလှူငွေပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် အောင်ပန်းမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး ဆေးရုံတက်ရောက် ကုသလျက်ရှိသော ဒေသခံပြည်သူလူနာများအား လှည့်လည်ကြည့်ရှု၍ အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို ပေးအပ်သည်။

လက်ခံယူ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် အဖွဲ့ဝင်များနှင့်အတူ ဆေးရုံအတွင်းရှိ ခွဲစိတ်ခန်း၊ ဓာတ်ခွဲခန်း၊ ဆေးသိုလှောင်ခန်းနှင့် ဓာတ်မှန်ခန်း တည်ဆောက်မည့်နေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံအတွက် ဆေးဝါးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီးက လက်ခံယူသည်။

ရှင်းလင်းပြသ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် တာဝန်ရှိသူများနှင့် အတူ တောင်လေးလုံး စံပြကျေးရွာရှိ မြနဒီ သီးနှံအခြောက်ခံစက်ရုံသို့ ရောက်ရှိရာ စက်ရုံပိုင်ရှင်က လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် အဖွဲ့ဝင်များ လိုက်ပါလျက် ညောင်ရွှေမြို့ ကြံစိုက်ခင်း၌ ကျင်းပသော ၂၀၀၉-၂၀၁၀ ကြံရာသီအထူးစံပြ လမိုင်းစံကွက်ရိတ်သိမ်းပွဲသို့ တက်ရောက် ကြည့်ရှုအားပေးပြီး ဒေသခံ ကြံစိုက်တောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ လိုအပ်သည်များကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သန်းဌေး ရတနာ သဘာဝဓာတ်ငွေ့ ထုတ်ယူပို့လွှတ်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၇

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် ဇန်နဝါရီ ၆ရက်တွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများနှင့်အတူ မုတ္တမကမ်းလွန်ပင်လယ်ပြင်ရှိ ရတနာ သဘာဝဓာတ်ငွေ့မြေမှ ပြည်တွင်းသုံး သဘာဝဓာတ်ငွေ့ တိုးမြှင့်ရယူသုံးစွဲနိုင်မည့်အခြေအနေများနှင့် ပြည်ပသို့ သဘာဝဓာတ်ငွေ့ ထုတ်ယူပို့လွှတ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရန် ရတနာ သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေး ကမ်းလွန် Platform သို့ ရောက်ရှိရာ တိုတယ်မြန်မာရေနံကုမ္ပဏီမှ အထွေထွေမန်နေဂျာနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ သဘာဝဓာတ်ငွေ့ ထုတ်လုပ်ပို့လွှတ်နေမှု အခြေအနေများ၊ ထပ်မံထုတ်ယူ ရရှိနိုင်မည့် သဘာဝဓာတ်ငွေ့ပမာဏ အခြေအနေများနှင့် ပြည်တွင်းသုံး သဘာဝဓာတ်ငွေ့ တိုးမြှင့်ပို့လွှတ်နိုင်ရေးအတွက် ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လုပ်ငန်းစဉ်များတစ်ခုနှင့်တစ်ခု ကွင်းဆက်မိမိဖြင့် သတ်မှတ်ချိန်အတွင်းပြီးစီးရေးနှင့် နိုင်ငံတကာ သတ်မှတ်စံချိန်စံညွှန်းများ အတိုင်း ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ရှင်းလင်းပြသ

ထို့နောက် ဒုတိယ ဝန်ကြီးအား တိုတယ်မြန်မာရေနံကုမ္ပဏီမှ တာဝန်ရှိသူများက ထုတ်လုပ်ရေး Platform ပေါ်တွင် ဆောင်ရွက်နေသည့် လုပ်ငန်းအဆင့်ဆင့်ကို လိုက်လံ ရှင်းလင်းပြသကြပြီး အစည်းအဝေးခန်းမ၌ ရတနာ သဘာဝဓာတ်ငွေ့မြေ၌ တာဝန်ထမ်းဆောင်လျက်ရှိသော မြန်မာဝန်ထမ်းများနှင့်တွေ့ဆုံကာ ဒုတိယဝန်ကြီးက အားပေးစကား ပြောကြားသည်။ **(အောက်ပုံ)**

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဝန်ကြီးသည် ဧရာဝတီတိုင်း အမာမြို့နယ် ဒေါ်ငြိမ်းကျေးရွာအနီး၌ ဆောင်ရွက်လျက်ရှိသော ပြည်တွင်းသုံး ကမ်းလွန်သဘာဝဓာတ်ငွေ့ သွယ်တန်းရေးလုပ်ငန်း၏ Pipeline Center တည်ဆောက်ရေးလုပ်ငန်းနှင့် ပိုက်လိုင်းလမ်းကြောင်း၏ Landfall နေရာတို့ကို လိုက်လံကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဲခူးတိုင်း မင်းလှမြို့နယ်အသင်း နှစ်ပတ်လည် အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၇

ပဲခူးတိုင်း မင်းလှမြို့နယ်အသင်း(ရန်ကုန်)၏ (၄၇)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၂၄ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဗဟိုလမ်းရှိ ဇေယျာဝတီစာသင်တိုက်ကြီးတွင် ကျင်းပမည်ဖြစ်ရာ အသက် (၇၅)နှစ်အထက် အသင်းဝင် သက်ကြီးဘိုးဘွားများနှင့် ၂၀၀၈-၂၀၀၉ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော အသင်းသူ အသင်းသားများ၏သားသမီး (အောင်လက်မှတ်မိတ္တူတင်ပြရန်)စာရင်းနှင့် အလှူငွေလှူဖွယ်ပစ္စည်းများကို ဇန်နဝါရီ ၁၀ရက် နောက်ဆုံးထား၍ ဒုတိယဗိုလ်မှူးကြီး မျိုးညွန့်(ငြိမ်း) ဖုန်း-၀၁-၅၀၅၇၁၂၊ ၀၉-၅၁-၈၂၈၃၄၊ ဒေါက်တာဒေါ်ဝင်းကြည် ဖုန်း-၀၁-၅၇၂၁၉၉၊ ၀၉-၅၀-၂၀၈၀၂၊ ဦးတင်အောင် ဖုန်း-၀၁-၅၂၆၇၃၅၊ ဦးဖုန်းတင့် ဖုန်း-၀၁-၂၂၄၆၅၉၊ ၀၉-၅၀-၀၉၃၅၇၊ ဦးမြင့်ဆွေ ဖုန်း-၀၁-၂၅၆၀၃၇၊ ဦးတင်မောင်ဦး ဖုန်း-၀၉-၅၀-၄၁၇၉၃၊ ဦးသန်းစိုး ဖုန်း-၀၁-၅၁၈၂၅၄၊ ၀၁-၅၁၄၉၃၇၊ ၀၉-၅၁-၈၂၇၉၁ တို့သို့ ဆက်သွယ်စာရင်းပေး လှူဒါန်းကြရန်နှင့် ရန်ကုန်ရောက် မင်းလှမြို့နယ်သူ မြို့နယ်သားများ အသင်းဝင်ပြီးသည်ဖြစ်စေ၊ မဝင်ရသေးသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။ (သတင်းစဉ်)

မျက်စိဝေဒနာရှင်များ အခမဲ့ကုသပေးမည်

ရန်ကုန် ဇန်နဝါရီ ၇

သြစတြေးလျနိုင်ငံမှ မျက်စိအထူးကု ဆရာဝန်ကြီးများသည် ပုပ္ပားတောင်ကလပ် ဓမ္မဝိတဒါန အာရောဂျသာလာ သံဃာ့ဆေးရုံ၌ မျက်စိဝေဒနာရှင်များအား ဇန်နဝါရီ ၉ရက်မှ ၂၀ရက်အထိ အခမဲ့ဆေးဝါး ကုသပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

KNU ဘာလဲ

စောဖိုးစီ

မဖြေလည်းသိတဲ့မေးခွန်းကို ကရင်လူမျိုးဖြစ်ပေမယ့် ကရင်တွေကိုယ်စား မေးလိုက်တာပါ။

ရိုးသားစွာဝန်ခံရရင် ကျွန်တော်ကိုယ်တိုင် နှစ်ပေါင်းများစွာ KNU အဖွဲ့အစည်းနဲ့ ပတ်သက်ခဲ့သူ တစ်ဦးပါပဲ။ ယုံကြည်ချက်တစ်ခုနဲ့ လှုပ်ရှားရုန်းကန်ခဲ့ပေမယ့် မျက်စိမှိတ်တဇောက်ကန်း ကျဉ်းမြောင်းတဲ့အယူဝါဒကို လက်ကိုင်မထားခဲ့ပါဘူး။ အခြေအနေ အချိန်အခါအရ အကောင်းဆုံးလမ်းကို ရွေးပြီး ကိုယ့်ပြည်နယ်၊ ကိုယ့်ဒေသ၊ ကိုယ့်လူမျိုးအတွက် အေးချမ်းစွာ လုပ်ကိုင်နိုင်တဲ့ ငြိမ်းချမ်းရေးလမ်းကို လျှောက်ခဲ့သူပါ။ လက်ရှိအခြေအနေ၊ အချိန်အခါမှာ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာကလို လွဲမှားတဲ့လမ်းစဉ်တွေအတိုင်း လက်နက်စွဲကိုင်၊ အကြမ်းဖက်လုပ်ငန်းတွေ မလုပ်သင့်တော့ဘူးလို့ ထင်ပါတယ်။ ယနေ့ ပြည်သူလူထုကလည်း လက်မခံတော့ပါဘူး။

ဒါပေမယ့်လည်း KNU အဖွဲ့အစည်းကတော့ ကရင်လူမျိုးကောင်းစားရေး ကြွေးကြော်ပြီး ပြည်သူလူထုကို ရက်ရက်စက်စက် ဗုံးခွဲ၊ မိုင်းထောင်၊ ပစ်ခတ် သတ်ဖြတ်နေသလို၊ မညှာမတာ ဓားပြတိုက်၊ ဆက်ကြေးကောက်၊ မီးရှို့ဖျက်ဆီးလုပ်ရပ်တွေ ဆက်လက်လုပ်ဆောင်နေဆဲပါပဲ။ ဆယ်စုနှစ်ပေါင်းများစွာ ကြာနေပြီဖြစ်တဲ့ လက်နက်ကိုင်လမ်းစဉ်နဲ့ အကြမ်းဖက်လုပ်ရပ်တွေကို မစွန့်လွှတ်နိုင်သေးတာ စိတ်မကောင်းစွာ မြင်တွေ့နေရဆဲပါ။ မရေမတွက်နိုင်တော့တဲ့ အကြမ်းဖက် အဖျက်လုပ်ငန်းတွေထဲမှာ ဒီတစ်ခါလုပ်လိုက်တဲ့ ဖာပွန်နှစ်သစ်ကူးပွဲတော် ဗုံးခွဲမှုကတော့ ဆိုးဆိုးရွားရွား ရက်စက် ယုတ်မာလွန်းလှပါတယ်။

ကမ္ဘာပေါ်မှာရှိတဲ့ ဘယ်နိုင်ငံ၊ ဘယ်လူမျိုးမဆို မိမိတို့ရိုးရာနှစ်သစ်ကူးပွဲကို အမြတ်တနိုးနဲ့ ကြီးကျယ်ခမ်းနားစွာ ကျင်းပလေ့ရှိပါတယ်။ ကရင်နှစ်သစ်ကူးပွဲတော်ကိုလည်း ကရင်ပြည်နယ်အပါအဝင် ပြည်ထောင်စုတစ်ဝန်းလုံးမှာသာမက နိုင်ငံတကာမှာရောက်နေတဲ့ ကရင်လူမျိုးများကရောက်တဲ့နေရာမှာ ပျော်ရွှင်ကြည်နူးစွာ လုပ်လေ့ရှိကြပါတယ်။ နှစ်သစ်ကူးဆိုတာ နှစ်ဟောင်းမှာလုပ်ခဲ့တဲ့ မကောင်းမှုတွေကို အတိတ်မှာထားခဲ့ပြီး ရောက်ရှိလာတော့မယ့် နှစ်သစ်ကို ကောင်းချီးမင်္ဂလာ ပျော်ရွှင်စွာနဲ့ အတိတ်ကောင်း၊ နိမိတ်ကောင်းယူပြီး လုပ်ကြရတာပါ။ ဒီလို မင်္ဂလာယူတဲ့ပွဲကို ရက်ရက်စက်စက် ဗုံးခွဲခဲ့တဲ့ KNU တွေကို ဘယ်လိုမှ ခွင့်လွှတ်လို့ မရပါဘူး။ လုပ်သူ၊ ခိုင်းသူအားလုံးကို ကျွန်တော်သာမက ကရင်လူမျိုးအားလုံးက နာကြည်းနေကြပါတယ်။

ဒီဗုံးခွဲမှုကြောင့် နှစ်သစ်ကူးပွဲကို ပျော်ရွှင်စွာ ဆင်နွှဲနေတဲ့ အပြစ်မဲ့ ပြည်သူခုနစ်ဦး သေဆုံးပြီး ၁၁ ဦး ဒဏ်ရာရရှိခဲ့ပါတယ်။ ဒဏ်ရာရတဲ့သူတွေထဲက နောက်ထပ် နှစ်ယောက် သေဆုံးသွားလို့ စုစုပေါင်း ကိုးယောက် သေဆုံးခဲ့ရပါတယ်။ သေဆုံး၊ ဒဏ်ရာရသူတွေရဲ့ သွေးတွေက နှစ်သစ်ကူးပွဲတော်ကျင်းပတဲ့ ကွင်းပြင်မှာ အရုပ်ဆိုး အကျည်းတန်စေခဲ့သလို သေဆုံး၊ ဒဏ်ရာရသူတွေအတွက် ဝမ်းနည်း၊ ကြေကွဲမှုတွေနဲ့ ဒေသခံပြည်သူတွေရဲ့ စိတ်နှလုံးမှာ နာကြည်းခံပြင်းစွာ ထိခိုက်ခံစားခဲ့ရပါတယ်။

ဘယ်သူတွေ ဘယ်လိုပဲငြင်းငြင်း၊ အနောက်မီဒီယာတွေက ဘယ်လိုပဲ ထုတ်ပြန်ထုတ်ပြန် ဘယ်သူ့လက်ချက်လဲ၊ ဘယ်သူလုပ်တာလဲဆိုတာ ကျွန်တော်တို့က ကောင်းကောင်းသိပါတယ်။ ကျွန်တော်တို့သိသလို ဖာပွန်မြို့သူ၊ မြို့သားတွေကလည်း သိကြပါတယ်။ ဒီဖြစ်ရပ်အပေါ် မခံမရပ်နိုင်လွန်းတဲ့ ပြည်သူတွေက ဗုံးဖောက်ခွဲတဲ့ တရားခံတွေကို အမည်နာမအတိအကျနဲ့ ဖော်ထုတ်ပြီး သက်ဆိုင်ရာကို တိုင်ကြားခဲ့တယ်လို့ ဆိုပါတယ်။

KNU ဗဟိုကတော့ သူတို့မလုပ်ကြောင်း ထုံးစံအတိုင်း "ဘူး"ခံပြီး ငြင်းခဲ့ပါတယ်။ အနောက်မီဒီယာတွေကနေတစ်ဆင့် အစိုးရကပဲ လုပ်ခဲ့သလိုလို ဝါဒဖြန့် ထုတ်လွှင့်ခဲ့ပေမယ့်လည်း KNU တပ်မဟာ(၅) တပ်ရင်း(၁၀၂)က ဘယ်သူတွေလာပြီး ဘယ်လိုလုပ်သွားတယ်ဆိုတာ သက်သေအထောက်အထားတွေ ရှိနေတယ်လို့ သိရပါတယ်။ ဒီလုပ်ရပ်ကြောင့် KNU အပေါ် ဒေသခံလူထုက စက်ဆုပ်ရွံရှာ၊ ပြစ်တင်ရှုတ်ချနေတဲ့အတွက် တစ်ဖက်နိုင်ငံမှာ စည်းစိမ်ဥစ္စာအပြည့်နဲ့ နေထိုင်နေတဲ့ KNU ဗဟိုက လူကြီးတွေကတောင် ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ရတယ်လို့ ဆိုပါတယ်။ သူတို့ရဲ့ ငြင်းချက်၊ ထုတ်ပြန်ချက်များဟာ ရှေ့နောက်မညီဘဲ သူတို့လုပ်ကြောင်း သိသိသာသာ ဝန်ခံဖော်ပြချက်တွေ ပါရှိနေတယ်ဆိုတာ ကျွန်တော်တို့လို ဒုက္ခသည်စခန်းက ပြန်ရောက်လာတဲ့သူတွေကတော့ ကောင်းကောင်းကြီး သိနားလည်နေပါတယ်။

သူတို့ရဲ့ထုတ်ပြန်ချက်အရ ကျွန်တော်တို့လို အပြစ်မဲ့ပြည်သူတွေ ယခင်က နယ်စွန်နယ်ဖျားမှာ လုံခြုံရေးအာမခံချက်ကင်းမဲ့မှုဟာ ယခုအခါ မြို့ပြဒေသကို ကူးစက်ပြန့်ပွားလာပြီဖြစ်ကြောင်း အခိုင်အမာ သက်သေထူရာရောက်ပေသည်လို့ ဖော်ပြခဲ့ပါတယ်။ ဒီဖော်ပြချက်ဟာ သူတို့ဗုံးခွဲရခြင်းအကြောင်းရင်း ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တပ်မတော်စစ်ကြောင်းများရဲ့ စောင့်ရှောက်မှုကြောင့် ကျွန်တော်တို့ ဖာပွန်ဒေသဟာ လုံခြုံမှု၊ အေးချမ်းမှု ရှိနေတာကို KNU အနေနဲ့ လုံးဝမလိုလားပါဘူး။ ပြည်သူအများ စိတ်ချမ်းမြေ့ ပျော်ရွှင်ကြည်နူးနေတာကိုလည်း KNU က မကြိုက်ပါဘူး။ မြို့ ရွာတွေ တည်ငြိမ်အေးချမ်းမှုမရှိဘဲ ပြည်သူအများဟာ KNU ကို ကြောက်ရွံ့နေမှ သူတို့ ဆက်ကြေး တောင်းခံလို့ရမှာဖြစ်တယ်လို့ ယုံကြည်နေကြပါတယ်။ ဒါ့အပြင် ငြိမ်းချမ်းရေးရယူထားတဲ့ အဖွဲ့တွေက ပြည်သူ့အကျိုးပြုလုပ်ငန်းတွေလုပ်လာရင် ကရင်လူထုအနေနဲ့ KNU ကို ပိုမိုစက်ဆုပ်ရွံရှာ နာကြည်းပြီး ငြိမ်းချမ်းရေးလိုလားသူတွေကို ပိုမိုထောက်ခံလာမှာ စိုးရိမ်လို့ ယခင်က KNU တပ်ဖွဲ့ဝင်တွေဖြစ်ခဲ့တဲ့ ငြိမ်းချမ်းရေး အဖွဲ့တွေရဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းတွေကိုလည်း ဖျက်လိုဖျက်ဆီး လုပ်လေ့ရှိပါတယ်။

ဒါ့အပြင် KNU ဗဟိုက လူကြီးဆိုသူတွေက ပြည်တွင်းမှာ မိုင်းထောင်၊ ဗုံးခွဲ အကြမ်းဖက်လုပ်ရပ်တွေကို လုပ်ဆောင်ဖို့ စီစဉ်ထောက်ပံ့ပေးပြီး သူတို့ကျတော့ တစ်ဖက်နိုင်ငံက ဒုက္ခသည်စခန်းနဲ့ မြို့ရွာတွေမှာ အခြေတကျ နေထိုင်နေတယ်ဆိုတာ အားလုံးသိကြပါတယ်။ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးနဲ့ ကရင်လူထု ကောင်းစားရေးတွေကို အသံကောင်းဟစ်နေပြီး နိုင်ငံရေးအကြောင်းပြချက်နဲ့ အကြမ်းဖက်လုပ်ငန်းများကို တစိုက်မတ်မတ် လုပ်ဆောင်နေတဲ့အတွက် ပြည်သူလူထုက KNU အဖွဲ့အစည်းကို လုံးဝမလိုလားတော့ပါဘူး။

KNU အဖွဲ့ရဲ့ လွဲမှားတဲ့ရပ်တည်ချက်ကြောင့် ဆိုးရွားတဲ့ အန္တရာယ်များကို ခံစားနေရတဲ့ ပြည်သူများဟာ ငြိမ်းချမ်းရေးကို အာသာငမ်းငမ်း လိုချင်နေကြပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ကျွန်တော်တို့ ကရင်ပြည်နယ်အတွင်းမှာပင်လျှင် ငြိမ်းချမ်းတဲ့ဒေသနဲ့ မငြိမ်းချမ်းတဲ့ဒေသတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်အေးချမ်းမှုနဲ့ ပြည်သူတွေ ဘဝလုံခြုံရေး အာမခံချက်ရှိမှုတွေ ကွာဟနေတာ လက်တွေ့ခံစားနေရလို့ပဲ ဖြစ်ပါတယ်။

KNU က ပြည်သူလူထု ကြောက်ရွံ့ထိတ်လန့်အောင် လုပ်နေပေမယ့် တပ်မတော်နဲ့ ငြိမ်းချမ်းရေးအဖွဲ့တွေကတော့ ကရင်ပြည်သူတွေရဲ့ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ဘက်စုံကနေ စောင့်ရှောက်ပေးလျက်ရှိပါတယ်။ လက်တွေ့သာဓကအနေနဲ့ ၂၀၀၉ ခုနှစ်၊ ဇွန်လအတွင်းမှာ တပ်မတော်က စီစဉ်ပေးမှုကြောင့် International Beverages Trading Co.,Ltd. က စေတနာရှင်တွေနဲ့ ငြိမ်းချမ်းရေးအဖွဲ့တွေ ပူးပေါင်းပြီး မြိုင်ကြီးငူ၊ ထို့ကော်ကိုးဒေသမှာရှိတဲ့ ပြည်သူတွေကို ကျန်းမာရေးစောင့်ရှောက်မှု အခမဲ့လာလုပ်ပေးခဲ့ပါတယ်။ အဖူး သာထူးကျော်တို့ရဲ့ မြိုင်ကြီးငူမှာ DKBA ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင် မိသားစုတွေနဲ့ အနီးပတ်ဝန်းကျင် ကျေးရွာတွေက ဒေသခံမျက်စိလူနာ ၁၄၄၅ ဦး၊ အထွေထွေရောဂါကုလူနာ ၉၀၂ ဦး၊ သားဖွားမီးယပ်လူနာ ၁၃၂ ဦး၊ မျက်စိစမ်းသပ်လူနာ ၁၁၁၁ ဦး၊ မျက်မှန်တပ်ဆင်သူ ၉၄၆ ဦး၊ မျက်စိခွဲစိတ်သူ ၁၈၀ စုစုပေါင်း ၄၇၁၆ ဦးကို ဆေးဝါးကုသပေးခဲ့ပါတယ်။ ဒီလိုပဲ ဖထီးထိန်မောင်တို့ရဲ့ ထို့ကော်ကိုးမှာ မျက်စိလူနာ ၄၇၄ ဦး၊ အထွေထွေလူနာ ၁၂၆ ဦး၊ သားဖွားမီးယပ် ငါးဦး၊ မျက်စိစမ်းသပ်သူ ၂၄၂ ဦး၊ မျက်မှန်တပ်ဆင်သူ ၂၂၅ ဦး၊ မျက်စိခွဲစိတ်ကုသမှု ၅၄ ဦး ပေါင်း ၁၁၂၆ ဦးကို အခမဲ့ ဆေးဝါးကုသပေးခဲ့ပါတယ်။ *စာမျက်နှာ ၇ ကော်လံ ၁*

သူတို့ရဲ့ထုတ်ပြန်ချက်အရ ကျွန်တော်တို့လို အပြစ်မဲ့ပြည်သူတွေ ယခင်က နယ်စွန်နယ်ဖျားမှာ လုံခြုံရေးအာမခံချက် ကင်းမဲ့မှုဟာ ယခုအခါ မြို့ပြဒေသကို ကူးစက်ပြန့်ပွားလာပြီဖြစ်ကြောင်း အခိုင်အမာ သက်သေထူရာ ရောက်ပေသည်လို့ ဖော်ပြခဲ့ပါတယ်။ ဒီဖော်ပြချက်ဟာ သူတို့ ဗုံးခွဲရခြင်းအကြောင်းရင်း ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တပ်မတော်စစ်ကြောင်းများရဲ့ စောင့်ရှောက်မှုကြောင့် ကျွန်တော်တို့ ဖာပွန်ဒေသဟာ လုံခြုံမှု၊ အေးချမ်းမှု ရှိနေတာကို KNU အနေနဲ့ လုံးဝ မလိုလားပါဘူး။ ပြည်သူအများ စိတ်ချမ်းမြေ့ ပျော်ရွှင်ကြည်နူးနေတာကိုလည်း KNU က မကြိုက်ပါဘူး။ မြို့ရွာတွေ တည်ငြိမ်အေးချမ်းမှုမရှိဘဲ ပြည်သူအများဟာ KNU ကို ကြောက်ရွံ့နေမှ သူတို့ ဆက်ကြေးတောင်းခံလို့ရမှာ ဖြစ်တယ်လို့ ယုံကြည်နေကြပါတယ်။ ဒါ့အပြင် ငြိမ်းချမ်းရေးရယူထားတဲ့ အဖွဲ့တွေက ပြည်သူ့အကျိုးပြုလုပ်ငန်းတွေလုပ်လာရင် ကရင်လူထုအနေနဲ့ KNU ကို ပိုမို စက်ဆုပ်ရွံရှာ နာကြည်းပြီး ငြိမ်းချမ်းရေးလိုလားသူတွေကို ပိုမိုထောက်ခံလာမှာ စိုးရိမ်လို့ ယခင်က KNU တပ်ဖွဲ့ဝင်တွေ ဖြစ်ခဲ့တဲ့ ငြိမ်းချမ်းရေးအဖွဲ့တွေရဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းတွေကိုလည်း ဖျက်လိုဖျက်ဆီး လုပ်လေ့ရှိပါတယ်။

8-1 (06).pmd 1 1/8/2010, 2:16 AM

ဒါ့ကြောင့် မဖြေလည်းသိတဲ့ မေးခွန်းကို ကရင်လူထုကိုယ်စား မေးလိုက်ချင်တာက KNU ဘာလဲဆိုတဲ့ မေးခွန်းပဲဖြစ်ပါတယ်။ မသိတဲ့သူတွေအတွက် မေးခွန်းရဲ့အဖြေကတော့ KNU အဖွဲ့အစည်းရဲ့ ဦးတည်ချက်က တစ်ဖက်နိုင်ငံမှာ စည်းစိမ်အပြည့်နဲ့နေပြီး ကရင်လူမျိုးကောင်းစားရေး ကြွေးကြော်ရင်း နိုင်ငံရေးလုပ်စားနေသူတွေရဲ့အကြမ်းဖက်လမ်းစဉ်ပဲ ဖြစ်ပါတယ်။

စာမျက်နှာ ၆ မှ

ငြိမ်းချမ်းရေးအဖွဲ့နဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်တွေရဲ့ စေတနာထက်သန်မှုကတော့ အံ့မခန်းပါပဲ။ ဆေးဝါး အခမဲ့ကုသပေးတဲ့အပြင် မသိနားမလည်တဲ့ ဒေသခံတွေကို ကြောက်ရွံ့စိုးရိမ်မှုမရှိအောင် နွေးနွေးထွေးထွေးနဲ့ သွားလာနေထိုင်၊ စားသောက်မှုကိုပါ အစစအရာရာ စီစဉ်ပေးခဲ့တာ စိတ်ကြည်နူးချမ်းမြေ့ဖွယ်ရာ မြင်တွေ့ခံစားခဲ့ရပါတယ်။

အမှောင်ကနေ အလင်းပြန်ရောက်လာတဲ့ ကျွန်တော်တို့လို ငြိမ်းချမ်းရေးအဖွဲ့တွေက မျက်စိနှစ်ကွင်း အလင်းမရခဲ့တဲ့ ဝေဒနာရှင်များစွာကို တပ်မတော်နဲ့ ပူးပေါင်းပြီး ဘဝတစ်သက်တာ အလင်းတန်းရရှိအောင် လုပ်ဆောင်ပေးနိုင်ခဲ့ပါတယ်။ အမှောင်ကနေ အလင်းရောင်ပြန်ရလာတဲ့ ပြည်သူတွေရဲ့ ဝမ်းသာကြည်နူးမှုတွေကြောင့် ရရှိခံစားခဲ့ရတဲ့ ပီတိကတော့ ဘာနဲ့မှ မလဲနိုင်ပါဘူး။ ဒီလိုခံစားရတဲ့ပီတိဟာ ငြိမ်းချမ်းရေးကြောင့်ရတဲ့ ပီတိဖြစ်ပြီး ဖာပွန်မှာခံစားခဲ့ရတဲ့ ဝမ်းနည်းကြေကွဲမှုတွေနဲ့ များစွာကွာခြားလှပါတယ်။ **မြိုင်ကြီးငူနဲ့ ထို့ကော်ကိုးဒေသက ကျန်းမာရေးစောင့်ရှောက်မှုဟာ ငြိမ်းချမ်းရေးကြောင့်ရရှိလာတဲ့ မြောက်မြားစွာသော အကျိုးကျေးဇူးတွေထဲက တန်ဖိုးမဖြတ်နိုင်တဲ့ ကြည်နူးပီတိတစ်ခုဖြစ်သလို၊ ဖာပွန်နှစ်သစ်ကူး ဗုံးပေါက်ကွဲမှုဟာ KNU သောင်းကျန်းသူအဖွဲ့အစည်းရဲ့ မြောက်မြားစွာသော အကြမ်းဖက်လုပ်ရပ်တွေထဲက ဘယ်လိုမှ မေ့မရနိုင်တဲ့ ဝမ်းနည်းကြေကွဲမှုတစ်ခုဖြစ်တယ်လို့ ခံစားနားလည်နေကြပါတယ်။**

တကယ်တော့ ကျွန်တော်တို့ ကရင်လူမျိုးတွေရဲ့ ပကတိတောင့်တချက်ဟာ ငြိမ်းချမ်းရေးကြောင့် ရရှိခံစားနေရတဲ့ ပီတိမျိုးသာဖြစ်ပြီး အကြမ်းဖက်သောင်းကျန်းမှုကြောင့် ဆို့နစ်ကြေကွဲခဲ့ရတဲ့ ဝမ်းနည်းမှုတွေ မဟုတ်ပါဘူး။ ကရင်လူမျိုးတွေလိုပဲ ပြည်ထောင်စုတစ်ဝန်းလုံးမှာရှိတဲ့ တိုင်းရင်းသားလူမျိုးအားလုံးရဲ့ ပကတိလိုအပ်ချက်ဟာ တည်ငြိမ်အေးချမ်းရေးနဲ့ ဒေသဖွံ့ဖြိုးတိုးတက်ရေးပဲဖြစ်တယ်လို့ ကျွန်တော်တို့အခိုင်အမာ ယုံကြည်ပါတယ်။

ဒါ့ကြောင့် မဖြေလည်းသိတဲ့မေးခွန်းကို ကရင်လူထုကိုယ်စား မေးလိုက်ချင်တာက KNU ဘာလဲဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။ မသိတဲ့သူတွေအတွက် မေးခွန်းရဲ့အဖြေကတော့ KNU အဖွဲ့အစည်းရဲ့ ဦးတည်ချက်က တစ်ဖက်နိုင်ငံမှာ စည်းစိမ်အပြည့်နဲ့နေပြီး ကရင်လူမျိုးကောင်းစားရေးကြွေးကြော်ရင်း နိုင်ငံရေးလုပ်စားနေသူတွေရဲ့ အကြမ်းဖက်လမ်းစဉ်ပဲ ဖြစ်ပါတယ်။

ဘယ်သူတွေ ငြင်းချင်ပါသေးသလဲ။ လက်တွေ့လုပ်ရပ်များက သက်သေပြနေပါပြီ။ ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၁-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ အာဋာနာဋိယသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **သံယောဇဉ်စွန့်မှ နိဗ္ဗာန်ရ** တရားတော် (ဆရာတော် အရှင်ဇဋိလ)
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ Science Tech Today
- ၈:၀၀ MRTV-4 ရုပ်သံဓာတ်လမ်းတွဲ
- ၈:၃၀ Sports World
- ၈:၅၅ တိုးတက်မှုအစုံစုံ စစ်ကိုင်းမြို့ရဲ့ မြင်ကွင်းအဖုံဖုံ
- ၉:၁၀ Activities in the City [(၃၃)ကြိမ်မြောက် သွေးလှူရှင်များ ဂုဏ်ပြုပွဲ]
- ၉:၃၀ Movie Talk (ဒါရိုက်တာ-ကြည်စိုးထွန်း၊ အောင်လွင်) (အပိုင်း-၁)
- ၁၀:၃၀ **ရေမြင့်....ကြာတင့်** ခန့်စည်သူ၊ ဇော၊ ၄က်ပျောကြော်၊ ထင်ပေါ်၊ မိုးပြည့်ပြည့်မောင်၊ တက္ကသိုလ်ဝွမ်းပုံ၊ မျိုးမျိုးခိုင် (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
- ၁၀:၅၀ တံတားမြစ်ငယ် အသွစ်သွယ် လူမှုစီးပွားကြွယ်
- ၁၁:၀၀ ဖက်ရှင်လမ်းညွှန် ပြောင်းလဲလာသော အလှတရား ဖွေးဖွေး
- ၁၁:၁၅ စက်မှုလယ်ယာ ကြိုးပမ်းမှုပါ (Head Feed Type Combine Harvester)
- ၁၁:၄၀ VJ Choice
- ၁၂:၀၅ အမြင်ဆန်းတင့် သပ်ရပ်ခံ့ထည် အလှဆင်မယ်
- ၁၂:၂၅ ကျောက်ကပ်အစားထိုးခြင်း
- ၁၂:၅၀ မြန်မာ့ **အိုး**
- ၁:၀၀ **သံယောဇဉ်စွန့်မှ နိဗ္ဗာန်ရ** တရားတော် (ဆရာတော် အရှင်ဇဋိလ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ World of Knowledge (Somewhere in China)
- ၃:၄၀ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာ နိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၄:၀၅ Activities in the City [အလက(၁) ရန်ကင်း အာစရိယ ပူဇော်ပွဲ]
- ၄:၂၅ Science Tech Today
- ၄:၃၅ မြန်မာ့ **အိုး**
- ၄:၄၅ တိုးတက်မှုအစုံစုံ စစ်ကိုင်းမြို့ရဲ့ မြင်ကွင်းအဖုံဖုံ
- ၅:၀၅ သူတို့ပြောတဲ့ သူတို့အကြောင်း (ဖြူဖြူကျော်သိန်းနှင့် တွေ့ဆုံခြင်း) (အပိုင်း-၂)
- ၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ လှပသစ်ဆန်း အလှပြင်ခန်း (Cheery Beauty Spa)
- ၆:၃၀ ဖက်ရှင်လမ်းညွှန် ပြောင်းလဲလာသော အလှတရား ဖွေးဖွေး
- ၆:၄၅ စွဲမက်ဖွယ်ရာ ရတနာ (လင်းလက်တောက်ပ ဂေါ်မိတ်အလှ)
- ၇:၁၀ FMF Selection
- ၇:၄၀ Bitdefender 2010 Opening Ceremony
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ VJ Choice
- ၉:၀၅ သူတို့ပြောတဲ့ သူတို့အကြောင်း (ဖြူဖြူကျော်သိန်းနှင့် တွေ့ဆုံခြင်း) (အပိုင်း-၂)
- ၉:၃၀ MRTV-4 ရုပ်သံဓာတ်လမ်းတွဲ
- ၁၀:၀၀ စွဲမက်ဖွယ်ရာ ရတနာ (လင်းလက်တောက်ပ ဂေါ်မိတ်အလှ)
- ၁၀:၂၅ လှပသစ်ဆန်း အလှပြင်ခန်း (Cheery Beauty Spa)
- ၁၀:၃၅ Bitdefender 2010 Opening Ceremony
- ၁၀:၄၅ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာ နိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၁၁:၁၀ ကိုစိန်နှင့် ကိုယ်ဝန်ဆောင်မိခင် စံလင်း၊ မျောက်ရှုံး၊ အေးအေးခိုင်၊ အေးသီတာ၊ [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]
- ၁၁:၁၅ ဝိုင်းဝန်းပက်ဖျန်း မေတ္တာပန်း ထောက်ကြန့် ကလေးပြုစုရေးဌာန
- ၁၁:၃၀ PC-လုံခြုံရေး
- ၁၁:၄၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

၂၀၀၉ ခုနှစ် ဒီဇင်ဘာလအတွင်း NLD ဌာနချုပ်သို့ အမေရိကန်သံရုံးက (၂၃)ကြိမ် ဝင်ထွက်ခဲ့

ရန်ကုန် ဇန်နဝါရီ ၇

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဗဟိုသည် ရန်ကုန်မြို့ရှိ အမေရိကန်သံရုံး၊ ဗြိတိန်သံရုံးတို့နှင့် အမြဲမပြတ်ဆက်သွယ်၍ ညွှန်ကြားချက်များ လိုက်နာဆောင်ရွက်လျက်ရှိသဖြင့် ၎င်းတို့၏ ဆက်သွယ်ဆောင်ရွက်မှုကို ပြည်သူလူထုက ဝေဖန်လျက်ရှိပြီး မပြတ်ကြည့်ရှု သတိပြုနေကြသည်။

ရန်ကုန်မြို့ အနောက်ရွှေဂုံတိုင်လမ်းရှိ NLD ဌာနချုပ်သို့ ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးက ၂၀၀၉ခုနှစ် ဒီဇင်ဘာလအတွင်း (၂၃)ကြိမ် ဝင်ထွက်ခဲ့ကာ NLD, CEC အဖွဲ့ဝင်များနှင့် တွေ့ဆုံခြင်း၊ စာအိတ်ကြီး၊ စာအိတ်ငယ် ပေးပို့ခြင်းများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MBE Network မှ စီမံခန့်ခွဲမှုသင်တန်းများ ဖွင့်မည်

နေပြည်တော် ဇန်နဝါရီ ၇

MBA ဘွဲ့ရ စီးပွားရေးလုပ်ငန်းရှင်များ ဖွဲ့စည်းထားသည့် Myanmar Business Executives (MBE) Network က တည်ထောင်ထားသော စီးပွားရေးစွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်းကျောင်း [Business Capacity Building (BCB) Centre] မှ စီးပွားရေး စီမံခန့်ခွဲမှုသင်တန်း အပိုင်း(၁) Business Management Course (Part-1) သင်တန်းကို ဇန်နဝါရီ ၉ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်း၌ သင်ကြားမည့် ဘာသာရပ်ခြောက်ခုမှာ Principle of Management, Account Knowledge for Managers, Marketing Management, Framework of Business Management, Entrepreneurship & SME Management နှင့် Production & Operations Management တို့ဖြစ်သည်။

သင်တန်းကာလအတွင်း သင်ကြားသည့် ဘာသာရပ်များနှင့်ဆိုင်သော Website များလေ့လာရန် Internet အခမဲ့သုံးစွဲခွင့်ပေးမည်ဖြစ်ပြီး သင်တန်းသားများ လေ့လာရန်လိုအပ်သော Reference စာအုပ်များကို Library ၌ ထားရှိပေးထားမည်ဖြစ်သည်။ သင်တန်းကြေးကို သက်သာစွာ သတ်မှတ်ထားကြောင်းနှင့် သင်တန်းချိန်ကို စနေနှင့်တနင်္ဂနွေနေ့များတွင် စီစဉ်ထားပြီး ဘာသာရပ်ဆိုင်ရာ အတွေ့အကြုံရှိ ဆရာ ဆရာမများ၏ သင်ကြားမှုနှင့်အတူ လုပ်ငန်းအတွေ့အကြုံကို ဆွေးနွေးဖလှယ်ခြင်း၊ လုပ်ငန်းခွင် အခက်အခဲများကို ဝိုင်းဝန်းကူညီ ဖြေရှင်းပေးခြင်းလည်း ပါဝင်မည်ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

စိတ်ဝင်စားသူများအနေဖြင့် BCB Centre တည်ရှိရာ အခန်း(၄၀၅) ပန်းခြံတာဝါ အမှတ်(၈) ဓမ္မစေတီလမ်းနှင့် ဗားကရာလမ်းထောင့် မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၃၈၅၃၁၊ E-mail-bcbcentre@mptmail. com.mm bcbcentre 009@gmail. com သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။

ထို့အတူ Capacity Enhancement Program ကို ဇန်နဝါရီ ၉ရက်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ စီးပွားရေး ကျင့်ဝတ်သိက္ခာ၊ မိမိကိုယ်ကို စီမံခန့်ခွဲခြင်း၊ ခေါင်းဆောင်မှုစွမ်းရည်၊ ဆက်သွယ်မှုစွမ်းရည်၊ လူအများရှေ့ စကားပြောခြင်း၊ စိတ်ပိုင်းဆိုင်ရာ အရည်အသွေး၊ ကျန်းမာရေးအသိပညာ၊ စိတ်ဖိစီးမှု ဖြေလျှော့ခြင်းနှင့် အပြောင်းအလဲကို ကိုင်တွယ်ခြင်းစသည့် အကြောင်းအရာများကို သင်ကြားမည်ဖြစ်ကြောင်း၊ သင်တန်းကာလမှာ သုံးလဖြစ်ပြီး စနေနှင့် တနင်္ဂနွေနေ့ နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ သင်ကြားပို့ချမည်ဖြစ်ကြောင်း၊ တက်ရောက်လိုသူများသည် ဘွဲ့တစ်ခုခုရရှိထားရန်လိုကြောင်း၊ စိတ်ဝင်စားသူများသည် [Business Capacity Building (BCB)] အခန်းအမှတ်(၄၀၅) ပန်းခြံတာဝါ အမှတ်(၈) ဓမ္မစေတီလမ်းနှင့် ဗားကရာလမ်းထောင့် မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၃၈၅၃၁သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၈-၁-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်ညီမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၅ ၆။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
- ၈:၁၅ ၇။ အတီးပြိုင်ပွဲ
- ၈:၂၀ ၈။ ကြေးမုံရိပ်သွင် တေးနုယဉ်
- ၈:၃၀ ၉။ **မြန်မာ့အလှဖြာဝေ ကိုကိုးကျွန်း ရေမြေ**
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ **လှေကားသုံးထစ် ဆင်းတဲ့အခါ**
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ Myanmar National League MNL Cup (2009) ဘောလုံးပြိုင်ပွဲ ထုတ်လွှင့်မှုအစီအစဉ် (Delta United FC အသင်းနှင့် Southern Myanmar FC အသင်း)
- ၄:၅၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာ တေးသံသာ
- ၄:၅၅ ၃။ နှောင်းခေတ်တေးပဒေသာ
- ၅:၀၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ဓာတု၊ ရူပ၊ သင်္ချာအထူးပြု) (ဓာတုဗေဒ)
- ၅:၁၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
- ၅:၂၀ ၆။ မြန်မာစာ၊ မြန်မာစကား
- ၅:၄၀ ၇။ ပဉ္စလက်ကျောင်းတော်
- ၆:၀၀ ၈။ ညနေခင်းသတင်း
- ၆:၁၅ ၉။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၀။ ရသစုံလင် အင်တာနက်ဥယျာဉ်
- ၆:၄၅ ၁၁။ သက်တံရောင်သံစဉ်
- ၇:၀၀ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလောင်းရိပ်** (ဇာတ်သိမ်းပိုင်း)
- ၈:၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကိုယ်ရံတော်** (အပိုင်း-၇)
- ၁၇။ သီချင်းချစ်သူ
- ၁၈။ အစီအစဉ်ပြီး၏။

ကျိုက်ထိုမြို့နယ်တွင် မီးဘေးကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်မှုသရုပ်ပြ လေ့ကျင့်ပွဲကို ဒီဇင်ဘာ ၃၀ ရက်က ကျိုက်ထိုမြို့နယ် ပြည်သူ့ဈေးတွင်ကျင်းပရာ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေး ဝန်ထမ်းများနှင့် ဈေးကော်မတီများက မီးသတ်ယာဉ်သုံးစီး၊ ရေသယ်ယာဉ် နှစ်စီး၊ အပေါ့စားစက် ငါးလုံး၊ ပေါင်ဒါ မီးသတ်ဆေးဘူးများဖြင့် လက်တွေ့ မီးငြိမ်းသတ်မှုများကို သရုပ်ပြ လေ့ကျင့်ကြစဉ်။

(မြို့နယ် ပြန်/ဆက်)

တောင်ပိုင်းဒေသများ၌ မိုးဆက်လက်ရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၇

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကရင်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား မိုးရွာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ကယားပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ကာ ကျန်ဒေသများတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

ယနေ့ညနေအထိ ခန့်မှန်းချက်မှာ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းများတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် မိုးအနည်းငယ် ဆက်လက်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရှေ့ဖုံးမှ

ခြင်းချက်အချို့နဲ့ တည်ဆောက်ခဲ့ရတယ်။ ဒါကြောင့်လည်း စည်းရုံးရေးအခြေခံဟာ အားနည်းခဲ့ရတယ်။

လွတ်လပ်ရေးရပြီးပြန်တော့လည်း လက်နက်ကိုင် ဆန့်ကျင်မှုတွေဟာ နိုင်ငံတစ်ဝန်းလုံးမှာ ပေါ်ပေါက်ခဲ့တယ်။ ထို့အတူပဲ နိုင်ငံရေးလောကမှာလည်း ဖက်ဒရယ်မူဆန်ဆန် တောင်းဆိုမှုတွေ ပေါ်ပေါက်ခဲ့တယ်။ ဒို့နိုင်ငံတော်အတွင်းမှာ တိုင်းရင်းသားမျိုးနွယ်တွေဟာ တသီးတသန့်စီနေထိုင်တာမဟုတ်ဘဲ တိုင်းနဲ့ ပြည်နယ်တိုင်းမှာ ပျံ့နှံ့နေထိုင်လျက်ရှိကြတာဖြစ်တဲ့အတွက် နိုင်ငံတော်ကြီးပြိုကွဲမယ်ဆိုရင် အစိတ်အပိုင်းလိုက် ပြိုကွဲမှာမဟုတ်ဘဲ အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲသွားမှာဖြစ်တယ်။ အဲသလိုသာဖြစ်မယ်ဆိုရင်တော့ အချုပ်အခြာအာဏာပိုင် လွတ်လပ်တဲ့ မြန်မာနိုင်ငံဟာ ကမ္ဘာ့မြေပုံပေါ်က ပျောက်ကွယ်သွားလိမ့်မယ်။

လွတ်လပ်ရေး ပြန်လည်ရရှိဖို့အတွက် ရဟန်းရှင်လူ ပြည်သူအပေါင်းဟာ အသက်သွေးချွေး မြောက်မြားစွာ စွန့်လွှတ်ပြီး ခက်ခက်ခဲခဲ ကြိုးပမ်းခဲ့ကြရတယ်။ ဒါကြောင့် လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာ ပြန်လည်မဆုံးရှုံးစေရေးအတွက် ဒို့တပ်မတော်ဟာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်လျက်ရှိတာ ဖြစ်တယ်။

ရဲဘော်တို့-

ဒို့တပ်မတော်ကို မျိုးချစ်လူငယ်တွေနဲ့ စတင်ဖွဲ့စည်းခဲ့တာ ဖြစ်တယ်။ လွတ်လပ်ရေးကြိုးပမ်းမှုကာလမှာ နိုင်ငံနဲ့လူမျိုးအတွက် လိုအပ်ချက်အရ ပေါက်ဖွားလာတဲ့ တပ်မတော်ဖြစ်တဲ့အတွက်လည်း တပ်မတော်သားတွေဟာ စိတ်ဓာတ်မြင့်မြတ်ခဲ့ကြတယ်။ အပင်ပန်း အဆင်းရဲ ခံနိုင်ခဲ့ကြတယ်။ အခက်အခဲကို ရင်ဆိုင်ကျော်လွှားနိုင်တဲ့ ရဲစွမ်းသတ္တိမျိုး ရှိခဲ့ကြတယ်။ စွန့်လွှတ်စွန့်စားလိုစိတ် ထက်သန်ခဲ့ကြတယ်။ စည်းလုံးညီညွတ်ခဲ့ကြတယ်။ စည်းကမ်း ကောင်းမွန်ခဲ့ကြတယ်။ လွတ်လပ်ရေးကို ပြည်သူနဲ့လက်တွဲပြီး အရယူပေးနိုင်သည်အထိ စွမ်းရည်ရှိခဲ့ကြတယ်။ ထို့အတူပဲ ဘာပဲလုပ်လုပ် ဘာပဲကိုင်ကိုင် ဒို့တာဝန်အရေးသုံးပါးအတွက်သာ ဖြစ်ခဲ့တယ်။ ဒါတွေဟာ တပ်မတော်ရဲ့ ကောင်းမြတ်တဲ့ အစဉ်အလာတွေဖြစ်တဲ့အတွက် ရဲဘော်တို့အနေနဲ့ လက်ဆင့်ကမ်းအမွေအဖြစ် ဆက်လက်သယ်ပိုးကြပါလို့ မှာကြားလိုတယ်။

ရဲဘော်တို့-

ဒို့တာဝန်အရေးသုံးပါးကို အကြွင်းမဲ့ကာကွယ်နိုင်အောင် ဒို့တပ်မတော်ကို **အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်တဲ့ ခေတ်မီမျိုးချစ်တပ်မတော်** အဖြစ် တည်ဆောက်လျက်ရှိတယ်။ ဒီလို တည်ဆောက်ရာမှာ တပ်မတော်သားတွေ ကျန်းမာကြံ့ခိုင်ဖို့အတွက် ဆေးပညာကဏ္ဍဟာ အရေးပါသလို ရောဂါရှာဖွေရေး၊ သူနာပြုနဲ့ ဆေးဝါးကျွမ်းကျင်သူများရဲ့ အခန်းကဏ္ဍဟာလည်း ကြီးမားစွာလိုအပ်တယ်။ ဒါကြောင့်လည်း သက္ကရာဇ် ၂၀၀၀ပြည့်နှစ်မှာ တပ်မတော်သူနာပြုတက္ကသိုလ်ကို စတင်တည်ထောင်ခဲ့ပြီး ၂၀၀၂ခုနှစ်မှာ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်အဖြစ် တိုးချဲ့ဖွဲ့စည်းပေးခဲ့တယ်။ သင်တန်းအမှတ်စဉ် (၁)မှ (၆)အထိ ၁၁၄၂ဦးကို မွေးထုတ်ပေးခဲ့ပြီး ဖြစ်တယ်။ ရဲဘော်တို့ အပါအဝင်ဆိုရင် သင်တန်းဆင်းခဲ့တာ ၁၃၀၀ကျော်သွားပြီ ဖြစ်တယ်။ ထို့အတူပဲ မဟာဘွဲ့ရရှိပြီးသူ ၁၀ဦးရှိပြီဖြစ်တဲ့အပြင် သူနာပြုပါရဂူဘွဲ့ ရရှိပြီးသူလည်း သုံးဦးရှိနေပြီဖြစ်တယ်။ အချို့လည်း ဘွဲ့လွန်သင်တန်းတွေမှာ တက်ရောက်နေဆဲဖြစ်တယ်။ ယနေ့ကမ္ဘာပေါ်မှာ သိပ္ပံနဲ့နည်းပညာ တစ်ဟုန်ထိုး တိုးတက်နေတာနဲ့အညီ ကျန်းမာရေး စောင့်ရှောက်မှုကဏ္ဍမှာလည်း စမ်းသပ်တွေ့ရှိချက်အသစ်တွေ နေ့စဉ်နဲ့အမျှ ပေါ်ပေါက်လျက်ရှိတယ်။ ဒါကြောင့် ရဲဘော်တို့ဟာ တိုးတက်နေတဲ့ ကျန်းမာရေးဆိုင်ရာ နည်းပညာတွေကို အမီလိုက်နိုင်ဖို့အတွက် ဘွဲ့လွန်သင်တန်းတွေ ဆက်လက်တက်ရောက်နိုင်အောင် ကြိုးစားကြပါလို့ တိုက်တွန်းပြောကြားလိုတယ်။

ရဲဘော်တို့-

ရဲဘော်တို့ဟာ မျိုးချစ်တပ်မတော်သားတွေဖြစ်တာနဲ့အညီ ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးကို ကာကွယ်စောင့်ရှောက်နေတဲ့ တပ်တွေနဲ့လိုက်ပါပြီး ရှေ့တန်းနယ်မြေ ဒေသအသီးသီးမှာ သွားရောက်တာဝန်ထမ်းဆောင်ကြရမှာ ဖြစ်တယ်။ ဒီလိုတာဝန်ထမ်းဆောင်နိုင်ဖို့ လိုအပ်တဲ့ စစ်ပညာရပ်တွေကို လေ့ကျင့်သင်ကြားပေးထားပြီး ဖြစ်တယ်။ စစ်ပညာဆိုတာ လုပ်သက်နဲ့ အတွေ့အကြုံအပေါ်အခြေခံပြီး ဆင့်ကဲတိုးမြှင့်သင်ကြားသွားရတာကြောင့် ရဲဘော်တို့ဟာ ခြေလျင်တပ်စုမှူးသင်တန်း၊ ခြေလျင်တပ်ခွဲမှူးသင်တန်းနဲ့ ခြေလျင်တပ်ရင်းမှူး သင်တန်းတွေကို အဆင့်လိုက် တက်ရောက်ခွင့်ရကြမှာ ဖြစ်တယ်။ ဒါကြောင့် ရဲဘော်တို့ဟာ လိုအပ်လာရင် တပ်ကိုခေါင်းဆောင်ပြီး တိုက်ပွဲဝင်နိုင်ကြရမှာ ဖြစ်ကြောင်း ပြောကြားလိုတယ်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးအား သင်တန်းတပ်ခွဲများ ချီတက်အလေးပြုကြစဉ်။ (သတင်းစဉ်)

အခမ်းအနားသို့ တက်ရောက်လာကြသူများ

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်သင်တန်း အမှတ်စဉ်(၇) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

သင်တန်းဆင်း ဂုဏ်ပြု စစ်ရေးပြအခမ်းအနား

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်သင်တန်း အမှတ်စဉ်(၇) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအ[...] ကြသူများအား တွေ့ရစဉ်။

■ *ကျောဖုံးမှ*

ဒုတိယဗိုလ်ချုပ်ကြီးစိုးမောင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ခင်မောင်မြင့်၊ ဦးသောင်း၊ ဗိုလ်မှူးချုပ်သိန်းဇော်၊ ဒေါက်တာကျော်မြင့်၊ ဒေါက်တာချမ်းငြိမ်း၊ ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ်များဖြစ်ကြသည့် ဗိုလ်ချုပ်ဇော်ဝင်းနှင့် ဗိုလ်ချုပ်သိုးထိန်း၊ ညွှန်ကြားရေးမှူးများဖြစ်ကြသည့် ဗိုလ်ချုပ်မြဝင်း၊ ဗိုလ်မှူးချုပ်လှမြင့်၊ ဗိုလ်ချုပ်ကျော်ညွန့်၊ ဗိုလ်မှူးချုပ်သန်းစိုး၊ ဗိုလ်ချုပ်မောင်မောင်အုန်း၊ ဗိုလ်မှူးကြီးလှမြင့်၊ ဗိုလ်ချုပ်သန်းအောင်၊ ဗိုလ်ချုပ်ငွေသိန်း၊ ဗိုလ်ချုပ်ဉာဏ်ထွန်း၊ ဗိုလ်ချုပ်သန်းဌေး၊ ဗိုလ်ချုပ်စိန်လင်း၊ ဗိုလ်ချုပ်အေးမြင့်၊ ဗိုလ်ချုပ်လှိုင်မြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ တပ်မတော်ဆေးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ထွန်းနေလင်း၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်လှမြင့်ရွှေနှင့် တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသော ကျောင်းဆင်းသင်တန်းသားများ၏ မိဘဆွေမျိုးများနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အလေးပြုခြင်းခံယူ

အခမ်းအနားတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် သင်တန်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူသည်။

သင်တန်းတပ်ခွဲစစ်ဆေး

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက သင်တန်းတပ်ခွဲများကို စစ်ဆေးသည်။

ယင်းနောက် သင်တန်းတပ်ခွဲများက ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

ဆုချီးမြှင့်

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ် (၇)မှ အကောင်းဆုံးသင်တန်းသားဆုရရှိသူ သင်တန်းသားအမှတ် (၁၃၇၁) သင်တန်းသား ရန်နောင်စိုး၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ သင်တန်းသားအမှတ် (၁၃၃၈) သင်တန်းသား မျိုးကျော်ဌေးနှင့် စာပေထူးချွန်ဆုရရှိသူ သင်တန်းသားအမှတ် (၁၃၄၉) သင်တန်းသား မြတ်စိုးလွင်တို့အား ဆုများ အသီးသီး ပေးအပ်ချီးမြှင့်သည်။

...ဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး ...စဉ်။ (သတင်းစဉ်)

အကောင်းဆုံးသင်တန်းသားဆု

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်သင်တန်း အမှတ်စဉ်(၇)မှ အကောင်းဆုံး သင်တန်းသားဆုရရှိသူ သင်တန်းသား ရန်နောင်စိုးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

လေ့ကျင့်ရေးထူးချွန်ဆု

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး လေ့ကျင့်ရေးထူးချွန်ဆု ရရှိသူ သင်တန်းသား မျိုးကျော်ငွေအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

စာပေထူးချွန်ဆု

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး စာပေထူးချွန်ဆုရရှိသူ သင်တန်းသား မြတ်စိုးလွင်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အင်တိုက်အားတိုက်

ထို့အတူပဲ စစ်ဆင်ရေးဒေသတွေမှာ လိုက်ပါတာဝန်ထမ်းဆောင်ရတဲ့အခါ တပ်မတော်သားတွေကိုသာမက ပြည်သူ့ကျန်းမာရေးကိုပါ ဂရုစိုက်စောင့်ရှောက်ကြရမယ်။ ဒို့တပ်မတော်သားတွေဟာ ပြည်သူကမွေးဖွားလာကြသူတွေပီပီ ရောက်ရာဒေသကို ကိုယ့်ဇာတိရပ်ရွာလို သဘောထားတဲ့အပြင် တွေ့ရတဲ့ပြည်သူကိုလည်း အိမ်မှာကျန်ခဲ့တဲ့ ကိုယ့်ရဲ့မိဘအရင်းအချာသဖွယ် လုပ်ကျွေးပြုစုကြရမယ်။ အထူးသဖြင့် နယ်စပ်ဒေသနေ ပြည်သူတွေဟာ လက်နက်ကိုင် ဆန့်ကျင်ဘက်အဖွဲ့အစည်းတွေရဲ့ ဒဏ်ကြောင့်

ဂုဏ်ပြုချီးမြှင့်စကား

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး တပ်မတော် ဆေးတက္ကသိုလ် ပင်မဆောင်စာသင်ဆောင်ရှိ ဧည့်ခန်းမဆောင်၌ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်သင်တန်း အမှတ်စဉ် (၇)မှ ထူးချွန်ဆုရရှိကြသည့် သင်တန်းသားများနှင့် မိဘများအား ဂုဏ်ပြုချီးမြှင့်စကား ပြောကြားစဉ်။ (သတင်းစဉ်)

လူမှုစီးပွားဘဝ နိမ့်ကျလျက်ရှိကြတယ်။ ပြည်သူရဲ့လိုအပ်ချက်အဝဝကို တတ်စွမ်းသမျှ ဖြည့်ဆည်းပေးခြင်းအားဖြင့် ပြည်တွင်းသောင်းကျန်းမှုရဲ့ ဒဏ်ရာဒဏ်ချက်တွေကို ကုစားပေးကြရမှာဖြစ်တယ်။ ဒါကြောင့် ရဲဘော်တို့ဟာ နိုင်ငံတော်က ဆောင်ရွက်နေတဲ့ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းတွေမှာ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြပါလို့ ပြောကြားလိုတယ်။

ရဲဘော်တို့-

ရဲဘော်တို့ဟာ **ကျွမ်းကျင်၊ ကူညီ၊ ဆေးစစ်သည်**ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ တာဝန်ထမ်းဆောင်ကြရတော့မှာ ဖြစ်တယ်။ ဒီလိုထမ်းဆောင်ရာမှာ လက်ရုံးရည်နဲ့ ပြည့်စုံဖို့လိုသလို နှလုံးရည်နဲ့လည်း ပြည့်ဝကြရမယ်။ တပ်မတော်သားဘဝမှာ လက်ရုံးရည်ဆိုတာ စစ်ရေးစွမ်းရည်ဖြစ်တယ်။ နှလုံးရည်ဆိုတာ အကျင့်စာရိတ္တကောင်းမွန်ခြင်း၊ မြင့်မြတ်တဲ့စိတ်ထားနဲ့ ရဲရဲရင့်ရင့် စွန့်လွှတ်စွန့်စားနိုင်စွမ်းရှိခြင်းတို့ ဖြစ်တယ်။

ဒါကြောင့် ရဲဘော်တို့ဟာ အပါး(၆၀)သော စစ်သည်တော်ကျင့်ဝတ်ကို ခါးဝတ်ပုဆိုးပမာ မြဲမြံစွာ စောင့်ထိန်းကြရမယ်။ မြင့်မြတ်တဲ့စိတ်ထားရှိရမယ်၊ နိုင်ငံနဲ့ လူမျိုးအတွက် ရဲရဲရင့်ရင့် စွန့်လွှတ်စွန့်စားလိုစိတ်ရှိရမယ်။

စွမ်းရည်သုံးရပ်နဲ့ပြည့်စုံ

ထို့အတူပဲ ရဲဘော်စိတ်ရှိဖို့လည်း အထူးလိုအပ်တယ်။ ရဲဘော်စိတ်ဆိုတာ ရဲဘော်အချင်းချင်းအပေါ် ထားရှိတဲ့ မေတ္တာတရား၊ သံယောဇဉ်တရားနဲ့ သစ္စာစောင့်သိမှု တရားပဲဖြစ်တယ်။ ဒို့တပ်မတော်သားတွေဟာ ဒီရဲဘော် စိတ်ကြောင့်ပဲ တစ်ဦးအပေါ်တစ်ဦး အသက်ပေးပြီး တက်ညီလက်ညီ တိုက်ပွဲဝင်ခဲ့ကြလို့ အောင်ပွဲအလီလီ ခံခဲ့ကြရတယ်။ ရဲဘော်စိတ်ဟာ နှလုံးရည်ရဲ့ အခြေခံအချက်တစ်ရပ် ဖြစ်တယ်။ နှလုံးရည် မြင့်မားသူတွေဟာ စည်းရုံးရေး စွမ်းရည်နဲ့လည်း ပြည့်စုံတတ်ကြတယ်။ ဒါကြောင့် အုပ်ချုပ်ရေးစွမ်းရည်အတွက် လေ့လာသင်ယူ ဖြည့်စွက်လိုက်မယ်ဆိုရင် ရဲဘော်တို့ဟာ စွမ်းရည်သုံးရပ်နဲ့ပြည့်စုံတဲ့ တပ်မတော်သားတွေ ဖြစ်ကြမယ်။

ရှိကြ

အခုပြောကြားခဲ့တဲ့ အချက်တွေကို မှတ်သားလိုက်နာမယ်ဆိုရင် ရဲဘော်တို့ဟာ အမိတက္ကသိုလ်ရဲ့ ရည်ရွယ်ချက်အတိုင်း ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်မယ့် အမျိုးသားတပ်မတော်အတွက် လက်ရုံးရည်၊ နှလုံးရည်နဲ့ပြည့်ဝတဲ့ တပ်မတော်သူနာပြုများ၊ ဆေးဘက် ပညာသည်များနဲ့ ဆေးဝါးကျွမ်းကျင်သူများအဖြစ်ကို ရရှိကြမှာဖြစ်ကြောင်း ပြောကြားလိုတယ်။

ရဲဘော်တို့-

နိဂုံးချုပ်အားဖြင့် မှာကြားရရင်-

- **ဒို့တာဝန်အရေးသုံးပါးကို အသက်ပေး ကာကွယ်ထိန်းသိမ်းကြပါ။**
- **တပ်မတော်ရဲ့ အစဉ်အလာ(၁၂)ရပ်ကို လက်ဆင့်ကမ်း အမွေအဖြစ်ခံယူပြီး ဆက်လက်သယ်ပိုး ဖော်ဆောင်ကြပါ။**
- **အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်တဲ့ ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေးအတွက် ရောဂါရှာဖွေရေး၊ ဆေးဝါးကျွမ်းကျင်နဲ့ သူနာပြုပညာရပ်တွေမှာ ကမ္ဘာ့အဆင့်မီ ဆက်လက်လေ့လာဆည်းပူးကြပါ။**
- **လက်ရုံးရည်၊ နှလုံးရည်နဲ့ ပြည့်ဝတဲ့အပြင် စွမ်းရည်သုံးရပ်နဲ့ ပြည့်စုံတဲ့ တပ်မတော်သားကောင်းတွေဖြစ်အောင် ကျင့်ကြံကြိုးကုတ် အားထုတ်ကြပါ** လို့ ပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။

...ဂုဏ်ပြု စစ်ရေးပြအခမ်းအနား

...း အမှတ်စဉ်(၇) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာ ... (သတင်းစဉ်)

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက သင်တန်းတပ်ခွဲများအား မိန့်ခွန်းပြောကြားသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် သင်တန်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသွားသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တပ်မတော်ဆေးတက္ကသိုလ် ပင်မစာသင်ဆောင်ရှိ ဧည့်ခန်းမဆောင်၌ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၇)မှ ထူးချွန်ဆုရရှိကြသည့် သင်တန်းသား သုံးဦးနှင့် ယင်းတို့၏မိဘများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ ဂုဏ်ပြုချီးမြှင့်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂုဏ်ပြု ကြိုဆိုပါသည် သမားဇာနည်အောင်စစ်သည်

ခိုင်သစ္စာ (စိတ်ပညာ)

မြောက်လေအေးအေး နှင်းဖွေးဖွေးနှင့် ချစ်စရာဆောင်းရာသီကာလ ဒီဇင်ဘာလပင် ရောက်ခဲ့ပြန်ပါပြီ။ ဒီဇင်ဘာလသည် ဥတုရာသီအေးချမ်းသာယာလှသကဲ့သို့ ခါတော်မီပွင့်လန်း ရာသီပန်းမျိုးစုံတို့၏ အလှကျက်သရေ တင့်လှပေဟန် ပန်းချီကားတစ်ချပ်သဏ္ဌာန် ရှုမငြီးရုံမျှမက ပန်းရနံ့တို့သည်လည်း ကြိုင်သင်းမွှေးပျံ့နေသည့် အခါသမယဖြစ်ပေသည်။

ဤသို့သော အေးချမ်းလှပသည့် ဒီဇင်ဘာလအခါသမယတွင် ကျွန်မချစ်သော တစ်နည်းဆိုရသော် ပြည်သူချစ်သော ပြည်သူ့သားကောင်း တပ်မတော်သား ခေါင်းဆောင်ငယ်ပေါင်း များစွာကို မွေးဖွားပေးလေသည်။ အကယ်စင်စစ် တပ်မတော်သားအားလုံးသည် ပြည်သူတွေက မွေးဖွားလိုက်သည့် ပြည်သူ့သားများပင် ဖြစ်ပါသည်။ စာရေးသူအနေဖြင့် နိုင်ငံတော်ကိုချစ်သည်၊ ထို့ကြောင့် နိုင်ငံတော်နှင့် ပြည်သူတို့အတွက် အသက်ကိုအပ်နှင်း၍ အကာအကွယ်ပေးနေသော၊ အလုပ်အကျွေးပြုနေသော တပ်မတော်သားများကိုလည်း ချစ်သည်။ တပ်မတော်ကိုလည်း ချစ်သည်။ ထို့ကြောင့်ပင် ယခုကဲ့သို့ ရာသီဥတုအေးအေး နှင်းဖွေးဖွေးနှင့် ဆောင်းရာသီဖြစ်သော ဒီဇင်ဘာလတွင် (D.S.A)စစ်တက္ကသိုလ်၊ (D.S.T.A)တပ်မတော်နည်းပညာတက္ကသိုလ်၊ (D.S.M.A) တပ်မတော်ဆေးတက္ကသိုလ်တို့၏ ကျောင်းဆင်းပွဲများကို မိမိအိမ် T.V ရှေ့မှာ ကြိုတင်စောင့်မျှော် ကြည့်ရှုရသည်မှာ နှစ်စဉ် နှစ်တိုင်းပင်ဖြစ်ပါသည်။ ဝတ်စုံဖြူလေးများနှင့် ညီညာဖြိုဖြိုးစည်းကမ်းကျနစွာ စစ်ရေးပြနေသော သားလှဗိုလ်လောင်းများကို တွေ့မြင်ရတိုင်း ကြည်နူးအားကျ ဂုဏ်ယူရပါသည်။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်း သင်တန်းကျောင်းဆင်းပွဲ၌ ကျောင်းဆင်းဗိုလ်လောင်း မိဘများအနေဖြင့်လည်း ကိုယ်တိုင် တက်ရောက်ခွင့်ရပြီးခဲ့လေပြီ။ သားလှလူမွန် လူရည်ချွန် **"သမားဇာနည် အောင်စစ်သည်"**တို့အတွက် ဝမ်းသာပီတိ ဂုဏ်ယူမိသည်မှာ အတိုင်းမသိပင် ဖြစ်ပါသည်။

ယခု ၂၀၀၉ခုနှစ် ဒီဇင်ဘာလဆန်းမှာဖြင့် ပြင်ဦးလွင်တွင် စစ်တက္ကသိုလ် (D.S.A) နှင့် တပ်မတော်နည်းပညာတက္ကသိုလ် (D.S.T.A)တို့ ကျောင်းဆင်းကြလေပြီ။ မကြာမီ (D.S.M.A) တပ်မတော်ဆေးတက္ကသိုလ် အပတ်စဉ်(၁၁) ဗိုလ်လောင်းများ ကျောင်းဆင်းကြပေတော့မည်ကို တွေးမျှော် ရည်မှန်းကာ ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၂၆ရက်နေ့က ကျင်းပခဲ့သည့် တပ်မတော်ဆေးတက္ကသိုလ် အပတ်စဉ်(၁၀) သင်တန်းဆင်းပွဲကို ပြန်လည်သတိရ မြင်ယောင်မိပါသည်။

နံနက် ဖနာရီတွင် သင်တန်းဆင်းဗိုလ်လောင်းများသည် အခမ်းအနားကျင်းပရာ စစ်ရေးပြစုရပ်သို့ ရောက်ရှိနေရာယူပြီး ဖြစ်လေသည်။ နံနက် ၇နာရီ တိတိအချိန်တွင် ဗိုလ်လောင်းများသည် စစ်ရေးပြကွင်းသို့ စစ်တီးဝိုင်း အတီးအမှုတ်ဖြင့် **"သမားဇာနည် အောင်စစ်သည်"**သီချင်း သံပြိုင်ဟစ်ကြွေးသီဆိုကာ စစ်ချီဝင်ရောက် လာလေသည်။

အားမာန်အပြည့်နှင့် စည်းကမ်းတကျ ညီညွတ်လှစွာ ချီတက်လာပုံကို ကြည့်ရသည်မှာ "ပညာရဲရင့်ပွဲလယ်တင့်"သို့ ပညာထွန်းတောက် အားကိုးလောက်သော "သမားဇာနည် အောင်စစ်သည်"များပါလားဟု ဂုဏ်ယူဝင့်ကြွားမိပါသည်။ စာရေးသူဖတ်ဖူးသည့် စစ်သည်တော်ဟောင်းကြီးတစ်ဦး ရေးသားပြောဆိုခဲ့သည့် "ငါ့သားများစစ်ထဲဝင်ရင်လေ သူ့ကိုပြောလိုက်စမ်းပါကွာ၊ စစ်တပ်ဆိုတာ အမှန်သာလိုက်နာနိုင်ရင်၊ တကယ့်ယောကျ်ားမြတ်ဖြစ်စေနိုင်တဲ့ တရားတွေကို သင်ကြားပေးတဲ့ကျောင်းကြီးပေါ့"ဟူသောစကားကို သတိရမိပါသည်။ မှန်လိုက်တဲ့စကားဟူ၍လည်း နှုတ်မှတိုးတိုးလေး ပြောထွက်ထောက်ခံခဲ့မိပါသည်။

တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဂုဏ်ထူးများဖြင့်အောင်မြင်ပြီး ဆေးတက္ကသိုလ်(၁)သို့ တက်ခွင့်ရသော်လည်း တပ်မတော်ကိုချစ်သော ဖခင်နှင့် မိခင်တို့၏ အလိုဆန္ဒနှင့် တစ်ထပ်တည်းကျအောင် တပ်မတော်ဆေးတက္ကသိုလ်သို့ တက်ရောက်ရန် ရွေးချယ်ခဲ့သော သားလိမ္မာပါတည်း၊ ဆေးတက္ကသိုလ်(၁)သို့ အတူတက်ခွင့်ရသော သူငယ်ချင်းများက "မင်းအစ်မလည်း ဆေး(၁)မှာရှိပြီးသား၊ ငါတို့နဲ့အတူ ဆေး(၁)မှာ အတူတက်ပါလား၊ လွတ်လွတ်လပ်လပ်ရှိတာပေါ့ကွာ" ဟူ၍ ပြောလာသည်ကိုပင် စိတ်ထားမပြောင်း၊ မိမိရွေးချယ်သည့် လမ်းကြောင်းပေါ်ကို မရရအောင်၊ မရောက်ရောက်အောင် ကြိုးစားခဲ့ပါသည်။ ရွေးချယ်သည့် လမ်းကြောင်းကလည်း အကောင်းဆုံးဖြစ်ခဲ့ပါသည်။ မိမိရည်မှန်းချက်အတွက် မလျှော့သော ဖွဲ၊ လုံ့လ၊ ဝီရိယတို့ကြောင့်လည်း ယနေ့ပညာပြည့်ဝ နှလုံးလှသော **"သမားဇာနည် အောင်စစ်သည်"**အဖြစ် ဂုဏ်ယူဝင့်ကြွားနိုင်ခဲ့လေပြီ။

စာရေးသူသာမက အခြားကျောင်းဆင်း ဗိုလ်လောင်းများ၏ မိဘတိုင်းသည်လည်း ဖွဲနှင့်ရည်မျှော် သားလူတော်တို့အတွက် ပြုံးပန်းတဝေဝေ ရှိကြပေသည်။ သား၏ ဖေဖေသည်လည်း တပ်မတော်မှ အငြိမ်းစားယူခဲ့ပြီးချိန်မှစ၍ သံသေတ္တာထဲတွင် ထည့်သိမ်းထားသော အခမ်းအနားဝတ်စုံကို ဂုဏ်ယူဝင့်ကြွားစွာ ဝတ်ဆင်လျက် "ဒါငါ့သား ဗိုလ်လောင်းသင်တန်းဆင်းလို့ ဝတ်ရတာကွ"ဟူ၍ ကြည်နူးစွာ ပြောဆိုနေပါသည်။ "သားသမီးမကောင်း၊ မိဘခေါင်း"ဟု ဆိုစကားရှိငြားလည်း၊ သားသမီးကောင်းတော့ သားသမီးအတွက် မိဘဂုဏ်တက်ရသည်များ ရှိပါလားဟု သားလှလူမွန် လူရည်ချွန်တို့အတွက် တွေးမိလျက်သား ဖြစ်သွားပါသည်။

နံနက် ၇ နာရီခွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဗိုလ်ချုပ်ကြီးသူရရွှေမန်းအပါအဝင် စစ်ဘက်အရာရှိကြီးများ ရောက်ရှိလို့ လာပါသည်။ "တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်တိုင် တက်ရောက်ချီးမြှင့်တာ နည်းတဲ့ဂုဏ်လား မေမေ့သားရယ်"လို့ ပီတိစကား စိတ်ထဲမှ ပြောကြားမိပါသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ခွန်းစကားများသည် များစွာ တန်ဖိုးရှိလှပေသည်။ တပ်မတော်သား ဆေးဝန်ထမ်း ဆရာဝန်များဖြစ်သည်နှင့်အညီ တာဝန်ကျရာ တပ်ရင်းတပ်ဖွဲ့အသီးသီးမှာ တပ်မတော်သားတွေနဲ့ မိသားစုဝင်တွေရဲ့ ကျန်းမာရေး ကာကွယ်စောင့်ရှောက်မှု လုပ်ငန်းတာဝန်များကို အဓိက ထမ်းဆောင်ရမှာ ဖြစ်တယ်။ ထို့အပြင် ပြည်သူတွေရဲ့ ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုတွေကိုလည်း လူမျိုးမရွေး၊ ဘာသာမရွေး၊ အဆင့်အတန်းမရွေး ဆောင်ရွက်ပေးကြရမယ်။ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနဲ့ ပညာရည်မြင့်မားရေးဆိုတဲ့ ရည်မှန်းချက်ကို အကောင်အထည်ဖော်တဲ့နေရာမှာ ရဲဘော်တို့အနေနဲ့ နိုင်ငံတော်ကချမှတ်ထားတဲ့ အမျိုးသားကျန်းမာရေး စီမံကိန်းတွေမှာ ဝိုင်းဝန်းကူညီဆောင်ရွက်ရင်း ပြည်သူ့အကျိုးပြု လုပ်ငန်းတာဝန်တွေ ထမ်းဆောင်သွားကြရမှာ ဖြစ်တယ်--စသည်ဖြင့် မှာကြားသွားပါသည်။

ထို့အပြင် **တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အမှာစကားတွင် "သမားဇာနည် အောင်စစ်သည်" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ "ဒို့တာဝန် အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ထိန်းသိမ်းပြီး လက်ရုံးရည် နှလုံးရည်ပြည့်ဝသော ဆေးဘက်ဆိုင်ရာ အရာရှိကောင်းများဖြစ်အောင် ကြိုးစားအားထုတ်ကြပါ။ ခေတ်သစ်စစ်ပွဲတွေကို စစ်ပညာနှင့် ဆေးပညာရှုထောင့်က အမြဲမပြတ်ဆည်းပူးလေ့လာပြီး နိုင်ငံတော်ကာကွယ်ရေးအတွက် အသင့်ဖြစ်နေအောင် ဆောင်ရွက်ကြပါ။ တာဝန်ကျရာအရပ်ဒေသက အမျိုးသားကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းတွေမှာ အင်တိုက်အားတိုက်ပါဝင်ပြီး ကျစ်လျစ်ခိုင်မာသည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို တည်ဆောက်ကြပါ"ဟူ၍လည်း တိုက်တွန်းမှာကြားသွားပါသည်။**

စာရေးသူသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ခွန်းအမှာစကားများကို နားထောင်ပြီး တပ်မတော်ဆေးတက္ကသိုလ်ကျောင်းဆင်း ဗိုလ်လောင်းများအတွက် အတိုင်းမသိ ဂုဏ်ယူမိပါသည်။ တပ်မတော်ဆေးတက္ကသိုလ် ကျောင်းတော်ကြီးမှ သင်ကြားပေးလိုက်သော ဆေးပညာ၊ စစ်ပညာများကို အပတ်တကုတ် ကြိုးစားအားထုတ်ခဲ့ခြင်းကြောင့် အောင်မြင်မှုရပြီး ဆေးပညာဘွဲ့ကို အပ်နှင်းခြင်းခံရပေပြီ။ ဆေးဘက်ဆိုင်ရာ အရာရှိများအဖြစ် တာဝန်ယူဆောင်ရွက်ရပေတော့မည်။ ဆရာဝန်ဟူသည် လူနာများအတွက် "စေတနာ၊ အကြင်နာ၊ ကရုဏာ၊ အနစ်နာ၊ ဝါသနာ"ဟူသည့် နာ(၅)နာနှင့် ပြည့်စုံရပေမည်။ တပ်မတော်ဆေးအရာရှိများသည် ထိုနာ(၅)နာအပြင် "ကျန်းမာကြံ့ခိုင် တိုက်နိုင်ရန်"ဆိုသော ဆေးတပ်ဖွဲ့၏ ရည်မှန်းချက်အတိုင်း ကျန်းမာရေးစောင့်ရှောက်မှုများကို "စေတနာ၊ အကြင်နာ၊ ဘေးကင်းကွာ"ဆိုသော ဆောင်ပုဒ်နှင့်အညီ စေတနာထား စောင့်ရှောက်ကြရပေသည်။

ထို့အပြင် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကိုလည်း ကျရာကဏ္ဍမှ ထမ်းဆောင်ရာ၌ "ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ၏ အသက်ကို စွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါ၏"ဟူသော သစ္စာလေးချက်ကို ဦးထိပ်ရွက် ထမ်းဆောင်ရမည့် စွမ်းရည်သုံးရပ်နှင့်ပြည့်စုံသော တပ်မတော်သားများလည်း ဖြစ်ပါသည်။ တစ်နည်းဆိုရသော် "သမားဇာနည် အောင်စစ်သည်"တို့သည် ဆရာဝန်ဟူသော တာဝန်အပြင် အရာရှိကောင်းတစ်ယောက်၏ တာဝန်ဟူသော တာဝန်နှစ်ရပ်ကို ထမ်းဆောင်ကြရပေသည်။

၂၀၀၈ခုနှစ် မေ ၂ရက်နေ့တွင် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် မကြုံစဖူး ပြင်းထန်လှသော နာဂစ်အမည်ရှိ ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ပါသည်။ ထိုနာဂစ် ဆိုင်ကလုန်းမုန်တိုင်းကြောင့် လူနှင့် တိရစ္ဆာန် အမြောက်အမြား သေကျေပျက်စီးသကဲ့သို့ ဒဏ်ရာရရှိသူများလည်း များပြားလှပါသည်။ ထိုသို့သော အခြေအနေမျိုးတွင် တပ်မတော်၏ အစဉ်အလာကောင်းနှင့်အညီ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် ပြည်သူ့အရေးအတွက် ကိုယ်ကျိုးစွန့်၊ အနစ်နာခံပြီး စေတနာအပြည့်အဝနှင့် သယ်ပိုးဆောင်ရွက်ခဲ့ကြပေသည်။ **တပ်မတော်ဆေးအရာရှိများသည် နာဂစ်မုန်တိုင်း တိုက်ခတ်ခံခဲ့ရသော ဖျာပုံ၊ ဘိုကလေး၊ လပွတ္တာ စသောနေရာများသို့ ကိုယ့်ရိက္ခာ ကိုယ်စား၊ ကိုယ့်ဆေး ကိုယ်ထမ်း၊ ကိုယ့်လမ်းကိုယ်ဖောက်ပြီး အစွန်အဖျားဒေသတွေအရောက် မိုးထဲ လေထဲ ရေထဲမှာ လူးလာခေါက်တုံ့သွားရင်း ကျန်းမာရေး ပြုစုစောင့်ရှောက်မှုများနှင့် ကူးစက်ရောဂါ ကာကွယ်ရေးများအား နေ့မအား ညမနား လုပ်ဆောင်ခဲ့ကြသည်ကို အများပြည်သူတို့ တွေ့ရှိခဲ့ကြရပေသည်။ ထိုသို့ ဆေးတပ်ဖွဲ့ဝင်များ၏ စွမ်းစွမ်းတမံ ဆောင်ရွက်မှုကြောင့် တပ်မတော်သားများ၏ နိုင်ငံနှင့်လူမျိုးအပေါ်ထားရှိသော စေတနာနှင့် သစ္စာတရားကို ပြည်သူများသာမက နိုင်ငံတကာ စောင့်ကြည့်ရေးအဖွဲ့တွေကပါ အသိအမှတ်ပြု ချီးကျူးပြောကြားခဲ့ကြရပေသည်။**

စာရေးသူမှာ "သမားလူတော်၊ ပွဲတိုင်းကျော်"တို့၏ ပညာပြည့်ဝ နှလုံးလှပုံကို ကြားသိတွေးမိလျက် ဝမ်းသာပီတိ ဂုဏ်ယူမိရသည်နှင့်အမျှ တော်ဝင်သန့်စင်ပန်းတို့ ပွင့်လန်းသည့် ဆောင်းလအခါသမယ ဒီဇင်ဘာတွင် သင်တန်းဆင်းကြမည့် **"သမားဇာနည် အောင်စစ်သည်"**များကို ဂုဏ်ပြုကြိုဆိုလိုက်ရပါသည်။ ။

(သမားဇာနည် အောင်စစ်သည်များအားလုံးသို့ ဂုဏ်ပြုလျက်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အမှာစကားတွင် "သမားဇာနည် အောင်စစ်သည်" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ "ဒို့တာဝန် အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ထိန်းသိမ်းပြီး လက်ရုံးရည် နှလုံးရည်ပြည့်ဝသော ဆေးဘက်ဆိုင်ရာ အရာရှိကောင်းများဖြစ်အောင် ကြိုးစားအားထုတ်ကြပါ။ ခေတ်သစ်စစ်ပွဲတွေကို စစ်ပညာနှင့် ဆေးပညာ ရှုထောင့်က အမြဲမပြတ် ဆည်းပူးလေ့လာပြီး နိုင်ငံတော်ကာကွယ်ရေး အတွက် အသင့်ဖြစ်နေအောင် ဆောင်ရွက်ကြပါ။ တာဝန်ကျရာ အရပ်ဒေသက အမျိုးသားကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းတွေမှာ အင်တိုက်အားတိုက် ပါဝင်ပြီး ကျစ်လျစ်ခိုင်မာသည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို တည်ဆောက်ကြပါ" ဟူ၍လည်း တိုက်တွန်းမှာကြားသွားပါသည်။

ကန်တော့ခံ သက်ကြီး စာပေပညာရှင်များအား အိမ်တိုင်ရာရောက် လိုက်လံကန်တော့

နေပြည်တော် ဒီဇင်ဘာ ၂၂

၁၃၇၁ ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲ အခမ်းအနားသို့ အကြောင်းအမျိုးမျိုးကြောင့် မတက်ရောက်နိုင်ကြသော သက်ကြီးစာပေပညာရှင်များအား အိမ်တိုင်ရာရောက် လိုက်လံကန်တော့လျက်ရှိရာ ဒီဇင်ဘာ ၁၆ရက် နံနက် ၁၁နာရီမှစ၍ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးမြတ်ခိုင်(မြတ်ခိုင်)နှင့် ဦးခင်ဆွေ(ရွှေစွန်ညို)တို့အဖွဲ့သည် မရမ်းကုန်းမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်နှင့် သဃ်န်းကျွန်းမြို့နယ်များရှိ သက်ကြီးစာပေပညာရှင် ခုနစ်ဦးအား အိမ်တိုင်ရာရောက်လိုက်လံ၍ ငွေသား ကျပ် ၁၅၀၀၀၀ နှင့် လှူဖွယ်ပစ္စည်းများဖြင့် ကန်တော့ကြသည်။

အိမ်တိုင်ရာရောက်

ရန်ကုန် စည်ပင်သာယာနယ်နိမိတ်အတွင်း နေထိုင်သော ကျန်ရှိသည့်မြို့နယ်များမှ သက်ကြီးစာပေပညာရှင်များအား သက်ဆိုင်ရာက အိမ်တိုင်ရာရောက် ဆက်လက်ကန်တော့သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် အဖွဲ့ဝင်များ သက်ကြီး စာပေပညာရှင်များအား အိမ်တိုင်ရာရောက် လိုက်လံ ကန်တော့စဉ်။

(သတင်းစဉ်)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

ဖီဖာအကောင်းဆုံးဆု မက်ဆီ နှင့်မာတာဆွတ်ခူး

ရေးသားသူ-မောင်မောင်မြင့်ဆွေ၊ စာမျက်နှာဖွဲ့စည်းမှု-လှိုင်လှိုင်သင်း

မက်ဒရစ် ဒီဇင်ဘာ ၂၂

၂၀၀၉ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုရွေးချယ်ပွဲကို ဒီဇင်ဘာ ၂၁ရက်က ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့တွင်ကျင်းပရာ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)က ဘာစီလိုနာနဲ့ အာဂျင်တီးနား တိုက်စစ်မှူးမက်ဆီကို ရွေးချယ်ဆုချီးမြှင့်လိုက်ပြီ ဖြစ်ပါတယ်။

စွမ်းဆောင်

အသက် ၂၂နှစ်အရွယ်သာရှိသေးတဲ့ မက်ဆီဟာ ဘာစီလိုနာအသင်းကို ချန်ပီယံလိဂ်ဖလား၊ လာလီဂါဖလား၊ စပိန်ဘုရင့်ဖလားနဲ့ ကမ္ဘာ့ကလပ်ဖလားတွေ ဆွတ်ခူးနိုင်အောင် ထူးထူးခြားခြား ခြေစွမ်းပြ စွမ်းဆောင်ပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူး ဖြစ်ပါတယ်။

ရွေးချယ်

အခုလို ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုအတွက် နိုင်ငံကိုယ်စားပြု ဘောလုံးအသင်းနည်းပြတွေနဲ့ အသင်းခေါင်းဆောင်တွေက ဆန္ဒမဲပေး ရွေးချယ်ခဲ့ကြတာ ဖြစ်ပြီး မက်ဆီက ၁၀၇၃မဲ၊စီရိုနယ်ဒိုက ၃၅၂မဲ၊ ဇာဗီက ၁၉၆မဲ၊ ကာကာက မဲ ၁၉၀နဲ့ အင်နီယေစတာက ၁၃၄မဲ အသီးသီး ရရှိခဲ့ကြတာဖြစ်လို့ ၂၀၀၉ ခုနှစ် ကမ္ဘာ့အကောင်းဆုံးဘောလုံး သမားဆုကို ယခုလို မက်ဆီဆွတ်ခူး ရရှိခဲ့ခြင်းဖြစ်ပါတယ်။

အပြိုင်

၂၀၀၉ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုရ

ဖီဖာအကောင်းဆုံး အမျိုးသား ဘောလုံးသမားဆုရ မက်ဆီ။

မက်ဆီဟာ ပြီးခဲ့တဲ့နှစ်က ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုရရှိခဲ့တဲ့ စီရိုနယ်ဒိုနဲ့ အပြိုင်အဆိုင် ဖြစ်ခဲ့ပေမယ့် မက်ဆီဟာ ၂၀၀၉ခုနှစ်အတွင်းမှာ အံ့သြစရာကောင်းအောင် ခြေစွမ်းပြနိုင်ခဲ့တာမို့ ဒီနှစ်မှာ ဥရောပအကောင်းဆုံး ဘောလုံးသမားဆုလည်း ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။

ပြောကြား

၂၀၀၉ ခုနှစ် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုကို လက်ခံ ရရှိပြီးတဲ့အခါ မက်ဆီက "ကျွန်တော်အခုလိုဆုရရှိခဲ့ပေမယ့် ကမ္ဘာပေါ်မှာ အကောင်းဆုံးဘောလုံးသမားတွေအများကြီးရှိနေပါသေးတယ်။ ကျွန်တော့်အနေနဲ့ အတော်ဆုံး၊ အကောင်းဆုံးဘောလုံးသမားတစ်ဦးအဖြစ် မခံယူထားပါဘူး" လို့ဖွင့်ဟခဲ့ပါတယ်။

မက်ဆီဟာ အသက်၁၃နှစ်မှာ ဘာစီလိုနာကလပ်ရဲ့ လူငယ်ဘောလုံးအသင်းကို ရောက်ရှိခဲ့ပြီး အသက်၁၄နှစ်မှာ ဘာစီလိုနာ (ဂ)အသင်း၊ ၁၅နှစ်မှာ ဘာစီလိုနာ (ခ)အသင်းတွေမှာ ကစားခဲ့ပါတယ်။ အသက်၁၆နှစ်မှာ ဘာစီလိုနာအသင်းကြီးမှာ ၂၀၀၃-၂၀၀၄ဘောလုံးရာသီက စတင်ကစားခဲ့သူဖြစ်လို့ အာဂျင်တီးနားနိုင်ငံသားဖြစ်ပေမယ့် ဘာစီလိုနာရဲ့ ငယ်မွေးခြံပေါက် ကစားသမား စစ်စစ်ဖြစ်ပါတယ်။

မက်ဆီဟာ ၂၀၀၈-၂၀၀၉ဘောလုံးရာသီမှာ ဘောလုံးပွဲစုစုပေါင်း ၅၁ပွဲကစားခဲ့ပြီး ဂိုးပေါင်း ၃၈ဂိုးသွင်းယူနိုင်ခဲ့သူဖြစ်ပါတယ်။ ဒီနှစ်မှာလည်း ဘာစီလိုနာအသင်းအတွက် ပွဲပေါင်း ၂၂ပွဲကစားခဲ့ပြီး ၁၅ဂိုးသွင်းယူပေးထားနိုင်ပါတယ်။ ဒါကြောင့်မို့ မက်ဆီရဲ့ ထူးခြားထက်မြက်တဲ့ ခြေစွမ်းဟာ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုနဲ့ ထိုက်တန်ကြောင်း ဖီဖာ ဥက္ကဋ္ဌ ဆပ်ဘတ္တလာက ပြောကြားပါတယ်။

အကောင်းဆုံးဂိုး

၂၀၀၉ခုနှစ်အတွက် အကောင်းဆုံးဂိုးအဖြစ် ဖီဖာက ရွေးချယ်ခဲ့တာကတော့ ပြီးခဲ့တဲ့ ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်မှာ ပေါ်တိုနဲ့ မန်ယူတို့ကစားခဲ့တဲ့ပွဲစဉ်မှာ ပေါ်တိုအသင်းဘက်ကို ကိုက် ၄၀အကွာမှ စီရိုနယ်ဒို အမှတ်မထင်ကန်သွင်းလိုက်တဲ့ဂိုးကို ရွေးချယ်ပြီး အကောင်းဆုံးဂိုးအဖြစ်သတ်မှတ်ခဲ့ပါတယ်။

အမျိုးသမီးဆု

၂၀၀၉ခုနှစ် အကောင်းဆုံးအမျိုးသမီး ဘောလုံးသမားဆုကိုတော့ ဘရာဇီးအမျိုးသမီး ဘောလုံးအသင်းမှ မာတာက ဆွတ်ခူး ရရှိခဲ့ပါတယ်။ မာတာဟာ အခုအကြိမ်နဲ့ ဆိုရင် ကမ္ဘာ့အကောင်းဆုံး အမျိုးသမီး ဘောလုံးသမားဆုကို လေးကြိမ်မြောက်ရရှိခဲ့ခြင်း ဖြစ်ပါတယ်။

ကမ္ဘာ့အကောင်းဆုံးအသင်း

ဖီဖာက ကမ္ဘာ့ အကောင်းဆုံး ဘောလုံးအသင်းအဖြစ် ဘောလုံးသမား ၁၁ဦးကို ရွေးချယ်တဲ့အခါ လာလီဂါမှ ခြောက်ဦးနှင့် ပရီမီယာလိဂ်မှ ဘောလုံးသမား ငါးဦးကို ရွေးချယ်ခဲ့ပါတယ်။ အဲဒီဘောလုံးသမားတွေကတော့ **ဂိုး**-ကာဆီးလက်စ် (ရီးရဲ)၊ **နောက်တန်း**-ဗီဒစ်

အကောင်းဆုံး အမျိုးသမီး ဘောလုံးသမား မာတာ။

(မန်ယူ)၊ အီဗရာ (မန်ယူ)၊ တယ်ရီ (ချယ်လ်ဆီး)၊ အဲလ်ဗက်စ် (ဘာစီလိုနာ)၊ **အလယ်တန်း**-ဇာဗီ၊ အင်နီယေစတာနှင့် ဂျရတ်၊ **ရှေ့တန်း**-မက်ဆီ၊ စီရိုနယ်ဒိုနှင့် တောရက်စ်တို့ပဲ ဖြစ်ကြပါကြောင်း။ ။ **ကိုးကား-အင်တာနက်**

ပရီမီယာလိဂ် ထိပ်သီးလေးသင်းဝင်ရေး မန်စီးတီးနည်းပြသစ် မန်စီနီ ကြိုးစားမည်ဟုဆို

လန်ဒန် ဒီဇင်ဘာ ၂၂

မန်စီးတီးအသင်းကို ပရီမီယာလိဂ် ထိပ်သီးလေးသင်း စာရင်းဝင်အဖြစ် ရောက်ရှိရေး ကြိုးစားပေးသွားမည်ဖြစ်ကြောင်း နည်းပြသစ်မန်စီနီ **(ဝဲပုံ)** က ပြောကြားသည်။

မိမိ၏ ယခုနှစ်ဘောလုံးရာသီ ရည်မှန်းချက်သည် မန်စီးတီးအသင်းကို ထိပ်သီးလေးသင်းနေရာ ရောက်ရှိရေး ပင်ဖြစ်ကြောင်း၊ လာမည့်နှစ်တွင် ပရီမီယာလိဂ်ဖလား ဆွတ်ခူးရရှိရေးအတွက် ကြိုးစားသွားမည်ဖြစ်ကြောင်း၊ ယင်းရည်မှန်းချက်များသည် ဖြစ်လာလိမ့်မည်ဟု ယူဆကြောင်း အင်တာမီလန်နည်းပြဟောင်းမန်စီနီက ပြောကြားသည်။

ကြိုးစားပေး

မန်စီနီသည် လွန်ခဲ့သော ၁၀နှစ်က လီဘစ္စတာအသင်းနှင့်အတူ ပရီမီယာလိဂ်တွင် ကစားခဲ့သူဖြစ်သည်။ လက်ရှိမန်စီးတီးနှင့် သုံးနှစ်ခွဲ စာချုပ် ထားပြီဖြစ်သည်။ မန်စီးတီးအသင်းကို ဆုဖလားများဆွတ်ခူးနိုင်သည်အထိ ကြိုးစားပေးမည်ဟုဆိုသည်။ **(အင်တာနက်)**

အာရှသဲသောင်ပြင် ဘော်လီဘောပြိုင်ပွဲ တရုတ်၌ ပထမဆုံးအကြိမ်ကျင်းပ

ပေကျင်း ဒီဇင်ဘာ ၂၂

တရုတ်နိုင်ငံက အားကစားဖွံ့ဖြိုးတိုးတက်မှုများ မြှင့်တင်ရန် ရည်ရွယ်လျက် ပထမဆုံးအာရှသဲသောင်ပြင်ဘော်လီဘောချန်ပီယံရှစ်ပြိုင်ပွဲကို ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

အဆိုပါ သဲသောင်ပြင် ဘော်လီဘောပြိုင်ပွဲကို ဒီဇင်ဘာ ၂၃ ရက် **(ယနေ့)**မှစပြီး လေးရက်ကြာ ကျင်းပမည်ဖြစ်ကြောင်း၊ ၄င်းပြိုင်ပွဲများကို တရုတ်နိုင်ငံ ဟိုင်နန်ပြည်နယ် ဟိုက်ကုအပန်းဖြေစခန်းရှိ သဲသောင်ပြင်များ တစ်လျှောက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

ယင်းအာရှသဲသောင်ပြင်ဘော်လီဘောပြိုင်ပွဲတွင် နိုင်ငံနှင့်ဒေသ ၁၅ခုမှ အမျိုးသား ၂၂ သင်းနှင့် အမျိုးသမီး ၂၁ သင်း ပါဝင်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။ ပြိုင်ပွဲချန်ပီယံဆုဆွတ်ခူးနိုင်သော အသင်းသည် အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ ဆုကြေးငွေအဖြစ် ဆွတ်ခူးရရှိမည် ဖြစ်သည်။ **(အင်တာနက်)**

ကမ္ဘာ့ဖလားအကြို ချစ်ကြည်ရေးပွဲအဖြစ် အင်္ဂလန်နှင့် အီဂျစ် ခြေစမ်းကစားမည်

လန်ဒန် ဒီဇင်ဘာ ၂၂

ကမ္ဘာ့ဖလား ခြေစစ်ပွဲအောင်ထားသော အင်္ဂလန်အသင်းသည် မတ်လတွင် အာဖရိကချန်ပီယံ အီဂျစ်အသင်းနှင့် ကမ္ဘာ့ဖလားမဝင်မီ ချစ်ကြည်ရေး ခြေစမ်းပွဲအဖြစ် ဝင်ဘလေကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ယင်းချစ်ကြည်ရေးပွဲသည် အင်္ဂလန်အသင်းအတွက် ကမ္ဘာ့ဖလား၌ အယ်လ်ဂျီးရီးယားအသင်းနှင့် ကစားရာတွင် အခွင့်အလမ်းကောင်းများ ရရှိလိမ့်မည်ဖြစ်သည်။ အင်္ဂလန်အသင်းနှင့် အယ်လ်ဂျီးရီးယားအသင်းတို့သည် လာမည့် ၂၀၁၀ကမ္ဘာ့ဖလားတွင် အုပ်စုတစ်အုပ်စုတည်းဖြစ်ပြီး အုပ်စု (ဂ)၌ ပါဝင်သည်။

အီဂျစ်အသင်းသည် ကမ္ဘာ့ဖလား ခြေစစ်ပွဲတွင် အယ်လ်ဂျီးရီးယားနှင့် ရှုံးထွက်ကစားရာတွင် တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။ (အပေါ်ပုံ)

(အင်တာနက်)

တောင်အာဖရိက အိုးပင်းဖလား စကော့တလန် နိုင်ငံသား ရမ်ဆေးဗိုလ်စွဲ

ဂျိုဟန်နစ္စဘတ် ဒီဇင်ဘာ ၂၂

စကော့တလန် ဂေါက်သီး အကျော်အမော် ရီချီရမ်ဆေး**(ယာပုံ)**သည် ဂျိုဟန်နစ္စဘတ်၌ ကျင်းပသော တောင်အာဖရိက အိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် အိန္ဒိယ ဂေါက်သီးချန်ပီယံ ကာပါနှင့် ကျင်းပိုကစားအပြီး ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ခဲ့သည်။

ဆုဖလားဆွတ်ခူး

ယင်းတို့နှစ်ဦးသည် နောက်ဆုံးနေ့ ပြိုင်ပွဲအဖြစ် သတ်မှတ် ရိုက်ချက်ထက်

၁၃ချက်စီ လျှော့ရိုက်ခဲ့ကြသဖြင့် ကျင်းပိုကစားခဲ့ရသည်။ ယင်းကျင်းပိုပြိုင်ပွဲတွင် ရမ်ဆေးက ၆၅ချက်ရိုက်ပြီး ကာပါက ၆၇ချက်ရိုက်ခဲ့သဖြင့် ရမ်ဆေး ချန်ပီယံဆုဖလားဆွတ်ခူးရရှိခဲ့သည်။

ရောက်ရှိ

ရမ်ဆေးသည် ယင်းပြိုင်ပွဲ အနိုင်ရရှိလိုက်သဖြင့် လက်ရှိကမ္ဘာ့အဆင့် သတ်မှတ်ချက် ၂၄၀မှ ၁၂၀ အထိ ရောက်ရှိလာသည်။

(အင်တာနက်)

အာကာကျော်-စုစည်းတင်ပြသည်။

အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင်-စုစည်းသည်

ချယ်လ်ဆီးအသင်း ပရီမီယာလိဂ်သရဖူရရှိရေး ပိုင်ရှင် အေဘရာမိုဗစ်ချ် ပစ်မှတ်ထားနေ

ချယ်လ်ဆီးအသင်းပိုင်ရှင် အေဘရာမိုဗစ်ချ်သည် ပရီမီယာလိဂ်သရဖူရရှိရေးကို ပစ်မှတ်ထားလျက်ရှိကြောင်း၊ လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ရာသီတွင် ပေါင်သန်း ၄၀တန် အက်သလက်တီကိုမက်ဒရစ် တိုက်စစ်မှူး ဆာဂျီယိုအဂွီရို၊ မိုနာကိုကွင်းလယ်ကစားသမား ဂျာကိုလီကို၊ အေဂျက်စ်တိုက်စစ်မှူး လူးဝစ်ဆူအာရက်ဇ်၊ ရီးမား ကွင်းလယ်ကစားသမား ဒီရှေ့ဆီနှင့် အဲဗာတန်ကွင်းလယ်ကစားသမား ဂျက်ခ်ရှော့ဒဲလ်တို့ကို ခေါ်ယူရန် ပေါင် ၅၅သန်းအထိ သုံးစွဲမည်ဖြစ်ကြောင်း သည်ဆန်း၌ ဖော်ပြသည်။

စပါးတိုက်စစ်မှူး ရော်ဘီကိန်းအား ဇန်နဝါရီအပြောင်းအရွှေ့၌ ဆဲလ်တစ်သို့ ရောင်းချမည်

စပါးအသင်းသည် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ရော်ဘီကိန်းအား ဆဲလ်တစ်သို့ ရောင်းချမည်ဖြစ်ကြောင်း၊ သို့သော်လည်း အပြန်အလှန်အားဖြင့် ဆဲလ်တစ်ဂိုးသမား အာတာဘိုရပ်ခ်ကို ခေါ်ယူစာချုပ် ချုပ်ဆိုလိုကြောင်း ဒေးလီးမေးရာ၌ ဖော်ပြသည်။

ဆဲလ်တစ်မှ တိုက်စစ်မှူး ဂီရောက်ဒ်အား ဝက်စ်ဟမ်းအသင်းမှ ခေါ်ယူဖွယ်ရှိ

ဝက်စ်ဟမ်းအသင်းသည် မိုနာကို၊ တူလစ်၊ ဗလင်စီယာနက်စ်နှင့် မောင့်တ်ပီလာတို့က ခေါ်ယူရန် ပစ်မှတ်ထားနေသော ဆဲလ်တစ်မှ ပေါင်နှစ်သန်းခွဲတန် တိုက်စစ်မှူး အိုလီဗာရောက်ဒ်အား ခေါ်ယူဖွယ်ရှိကြောင်း ဒေးလီးရက်ကော့ဒ်သတင်း၌ ဖော်ပြသည်။

ပို့စ်မောက်နည်းပြ အေဗရန်ဂရန့် ဘင်ဖီကာ ခံစစ်မှူး ဗစ်တာအား အငှားစာချုပ်ရန်စီစဉ်နေ

ပို့စ်မောက်နည်းပြ အေဗရန်ဂရန့်သည် ဇန်နဝါရီအပြောင်းအရွှေ့တွင် ဘင်ဖီကာအသင်းမှ ထွက်ခွာရန်ဟန်ပြင်နေသော ခံစစ်မှူး မီဂူယယ်ဗစ်တာအား အငှားစာချုပ် ချုပ်ဆိုခေါ်ယူရန် စီစဉ်နေကြောင်း ဒေးလီးမေးရာ၌ ဖော်ပြသည်။

ခံစစ်မှူး စတိဗ်ဂိုဟိုရီအား ဘန်လေအသင်းက ရာသီကုန်အထိ အငှားခေါ်မည်

ဘန်လေအသင်းသည် ဂျာမန်အသင်းဘိုရူရှားမွန်ချင်ဂလက်ဒ်ဘက်ချ်မှ အိုင်ဗရီကို့စ် ခံစစ်မှူး စတိဗ်ဂိုဟိုရီအား ယခုဘောလုံးရာသီကုန်အထိ အငှားစာချုပ် ချုပ်ဆိုခေါ်ယူရေးမှာ နီးစပ်လာပြီဖြစ်ကြောင်း ဒေးလီးစတားက ဖော်ပြသည်။

လီဗာပူးအသင်း ငွေကြေးအင်အားဖြည့်တင်းရေး ကစားသမားများကို ဘင်နီတက်ဇ် ရောင်းချမည်

လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ဈေးကွက်တွင် လီဗာပူးအသင်းကို အင်အားဖြည့်တင်းရန် ရန်ပုံငွေရရှိနိုင်ရေးအတွက် ကစားသမားများအချို့အား ရောင်းချရန်အသင်း ပိုင်ရှင်များက ဘင်နီတက်ဇ်အား တိုက်တွန်းခဲ့ကြောင်း၊ ထို့ကြောင့် ဘင်နီတက်ဇ်သည် ရိုင်ယန်ဘာဘယ်လ်၊ ဗိုရိုနင်၊ ဒေါ့ဆီနာနှင့် ဖိလစ်ဒီဂျင်တို့အား ရောင်းချရန်စီစဉ်နေပြီး အငှားစာချုပ်ဖြင့်လည်း ခေါ်ယူနိုင်ကြောင်းသည်ဂါးဒီးယန်း၌ ဖော်ပြသည်။

မန်စီးတီးကွင်းလယ်ကစားသမား ရော်ဘင်ဟိုအား ဘာစီလိုနာက ထပ်မံ မကမ်းလှမ်းတော့ဟုဆို

မန်စီးတီးအသင်းမှ ဘရာဇီးကွင်းလယ်ကစားသမား ရော်ဘင်ဟိုအား ဘာစီလိုနာအသင်း၏ ကနဦးကမ်းလှမ်းမှုကို မန်စီးတီးအသင်းက ငြင်းပယ်ခဲ့ပြီးနောက် ၄င်းအား ထပ်မံကမ်းလှမ်းတော့မည်မဟုတ်ဟု ဘာစီလိုနာအသင်းပိုင်ရှင် လာပေါ်တာက ပြောကြားခဲ့ကြောင်း သတင်း၌ဖော်ပြသည်။

အဲဗာတန်အသင်းနှင့် အာဆင်နယ်အသင်း ဘော်ဒိုးတိုက်စစ်မှူး ချာမက်ချ်အား အပြိုင်ခေါ်ယူဖွယ်

အဲဗာတန်အသင်းသည် လာမည့်နွေရာသီတွင် ဘော်ဒိုးတိုက်စစ်မှူး ချာမက်ချ်အား ပေါင် ၇သန်းဖြင့် ခေါ်ယူနိုင်ရေး အာဆင်နယ်နှင့်အပြိုင် ကြိုးပမ်းဖွယ်ရှိကြောင်း သည်ဆန်းက ဖော်ပြသည်။

ဟူစတန်ဒိုင်နမိုကွင်းလယ်မှ ဟိုလ်ဒင်အား လေးနှစ်စာချုပ်ချုပ်ဆိုရန် ဘလက်ဘန်းက ကမ်းလှမ်း

အမေရိကန် မေဂျာလိဂ်အသင်း ဟူစတန်ဒိုင်နမိုတွင် ကစားနေသော အမေရိကန် ကွင်းလယ်ကစားသမား စတူအတ်ဟိုလ်ဒင်အား ဘလက်ဘန်းက လေးနှစ်စာချုပ်ချုပ်ဆို ခေါ်ယူရန် ကမ်းလှမ်းခဲ့ကြောင်း သည်ဆန်း၌ ဖော်ပြသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဒီဇင်ဘာ ၂၂

ယဉ်ကျေးမှုဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉နာရီတွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်အောင်မြင့်က အမှာစကားပြောကြားသည်။(အောက်ပုံ)

ခြုံငုံသုံးသပ်

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်များက ပြီးခဲ့သည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု၊ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ရှေ့လုပ်ငန်းစဉ်များကို လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)နှင့် (မန္တလေး)တို့မှ ပါမောက္ခချုပ်များက ဝန်ထမ်းရေးရာနှင့် သင်ကြားရေးဆိုင်ရာ အခြေအနေများကို လည်းကောင်း၊ တက်ရောက်လာကြသော ပြည်နယ်/တိုင်း ပြတိုက်နှင့် စာကြည့်တိုက် တာဝန်ခံအရာရှိများ၊ ဌာနခွဲ/ ဌာနစုတာဝန်ခံ အရာရှိများက အထွေထွေဆွေးနွေးခြင်းကို လည်းကောင်း ဆွေးနွေး တင်ပြကြရာ ဝန်ကြီးက လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများအပေါ် ခြုံငုံသုံးသပ်ပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က နိဂုံးချုပ်အမှာစကား ပြောကြားကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ၁၉၇၅-၁၉၇၉ ခုနှစ် ဓာတုဗေဒကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၂

ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ၁၉၇၅-၁၉၇၉ ခုနှစ် ဓာတုဗေဒကျောင်းသား ကျောင်းသူများ၏ ပထမအကြိမ်မြောက် အာစရိယပူဇော်ကန်တော့ပွဲကို ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ရတနာလမ်း (၁၆/၂) ရပ်ကွက်ရှိ စွန်းလွန်းဂူ ဝိပဿနာကျောင်းတိုက်မွေ့ရာရုံကြီး၌ ကျင်းပမည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူများအားလုံး မပျက်မကွက်တက်ရောက်ကြရန်နှင့် အလှူငွေများကို ဦးရှိန်းယော ဖုန်း-၀၉-၅၁-၈၄၄၂၂၊ ဦးကျော်သိန်း ဖုန်း-၀၉-၅၀-၉၁၂၁၉၊ ဦးခင်မောင်သိန်း ဖုန်း-၀၉-၅၁-၁၉၄၁၇၊ ဦးမြဝင်း ဖုန်း-၀၉-၉၉-၂၈၈၃၀၊ ဦးခင်မောင်တင့်ရှိန် ဖုန်း-၀၉-၅၁-၀၇၃၂၂၊ ဦးသိန်းဇော်-ဒေါ်ခင်ထွေးရီ ဖုန်း-၅၄၂၆၄၀၊ ၀၉-၅၁-၁၅၈၁၄၊ ဒေါ်ချယ်ရီထွန်း ဖုန်း-၅၇၈၂၆၁၊ ဒေါ်ခင်အေးသာ ဖုန်း-၅၇၉၈၃၃၊ ဒေါ်ခင်စန်းလွင် ဖုန်း-၅၁၅၅၇၃နှင့် ဒေါ်မြင့်မြင့်အေး ဖုန်း-၅၅၇၇၉၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ ***(သတင်းစဉ်)***

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား တရုတ်ဧည့်သည်အဖွဲ့တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၂၂

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ National Energy Administration မှ Administrator, H.E.Mr. Zhang Guabao၊ တရုတ် အမျိုးသားရေနံကုမ္ပဏီ (CNPC) ဒုတိယ ဥက္ကဋ္ဌ Mr. Liao Yong Yuan နှင့် အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၀ရက် ညနေ ၅နာရီတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံစွမ်းအင်ကဏ္ဍဆိုင်ရာ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

နိုင်ငံခြားရေး ဝန်ကြီး ဦးဉာဏ်ဝင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် ဒီဇင်ဘာ ၂၃

၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၂၃ရက်တွင် ကျရောက်သော ဂျပန်နိုင်ငံ ဘုရင်မင်းမြတ် အကီဟီတို၏ မွေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဂျပန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာခဆုယအိုခဒ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

Electronics & Lifestyle 2009 ပြပွဲ၌ CONCORDIA Int'l Co., Ltd. မှ ဝင်ရောက်ပြသမည်

ရန်ကုန် ဒီဇင်ဘာ ၂၂

CONCORDIA Int'l Co., Ltd. က ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဒီဇင်ဘာ ၂၄ ရက်မှ ၂၇ ရက်အထိ ကျင်းပမည့် အီလက်ထရွန်နစ်နှင့် လူနေမှုစတိုင်ပြပွဲ ၂၀၀၉တွင် ဝင်ရောက်ပြသမည်ဖြစ်သည်။

ခင်းကျင်းပြသ

အဆိုပါပြပွဲတွင် Fujixerox အမှတ်တံဆိပ် နည်းပညာမြင့် ပစ္စည်းများဖြစ်သော မိတ္တူကူးစက်များ၊ ကာလာမိတ္တူကူးစက်များ၊ လေဆာပရင်တာများအပြင် Japan နိုင်ငံထုတ် Topcon အမှတ်တံဆိပ် Differential GPS (RTK) ပစ္စည်းများနှင့် ရေနံရှာဖွေရေး၊ သတ္တုရှာဖွေရေး၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ငါးဖမ်းလုပ်ငန်းနှင့် ရေကြောင်း၊ မြစ်ကြောင်းတိုင်းတာခြင်း လုပ်ငန်း၊ လေကြောင်းဆိုင်ရာ လုပ်ငန်းများတွင် အသုံးပြုနိုင်သော Garmin အမှတ်တံဆိပ် GPS ပစ္စည်းများနှင့် ဆေးရုံ၊ ဆေးခန်းနှင့် ဓာတ်ခွဲခန်းသုံးပစ္စည်းများဖြစ်သော DC-7 (Ultrasound)၊ DP-1100 Plus (Portable Ultrasound)၊ ECG ၊ သွေးပေါင်ချိန်တိုင်း ကိရိယာ၊ သွေးချို၊ ဆီးချိုတိုင်းစက် (Omnitest Plus) Complan (Newzealand) များကို ခင်းကျင်းပြသရောင်းချ သွားမည်ဖြစ်သည်။

ဆက်သွယ်မေးမြန်း

CONCORDIA Int'l Co., Ltd. က ပွဲတော်ကာလအတွင်း Fujixerox မိတ္တူကူးစက်များ၊ လေဆာပရင်တာများကို အထူးလျှော့ဈေးဖြင့် ရောင်းချသွားမည့်အပြင် A3 မိတ္တူကူးစက်တစ်လုံး ဝယ်ယူသူတိုင်းကို A4 ကာလာလေဆာ ပရင်တာ သို့မဟုတ် A4 multifunction Laser Fax တစ်လုံး လက်ဆောင်ပေးခြင်း၊ GPS ပစ္စည်းဝယ်ယူသူများကို (7%) Discount လျှော့ချပေးခြင်း၊ ဌာနထောက်ခံချက်ဖြင့် ဝယ်ယူသူအားလုံးကို (10%) ဈေးလျှော့ ရောင်းချပေးသွားမည် ဖြစ်သည်။

ဆက်သွယ်ဝယ်ယူလိုပါက ပြပွဲကာလအတွင်း ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ လည်းကောင်း၊ ရန်ကုန်မြို့၌ ရွှေဂုံပလာဇာ ဗဟန်းမြို့နယ် ဖုန်း-၅၄၄၁၉၉၊၅၅၈၁၇၀၊ ၉၅၁၅၄၄၈၂၄၊ မန္တလေးမြို့၌ (၇၇)လမ်းနှင့် (၇၈)လမ်းကြား ချမ်းအေးသာစံမြို့နယ် ဖုန်း-၀၂-၃၆၄၇၈၊ ၀၉-၅၀-၆၇၁၇၂၊ ၆၉၃၀၃နှင့် နေပြည်တော်၌ အမှတ်(၁၄၄) သီရိရတနာ အဆင့်မြင့်ဈေး ဖုန်း-၀၆၇-၄၂၀၈၁၉၊ ၄၂၁၃၆၂တို့သို့ ဆက်သွယ်မေးမြန်းဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အောင်မင်္ဂလာ-သရက်စိန် ကျောက်ချောလမ်းသစ်ဖွင့်

နေပြည်တော် ဒီဇင်ဘာ ၂၂

စည်ပင်သာယာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်သည် ဒီဇင်ဘာ ၂၁ရက် နံနက်၉နာရီတွင် ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ဖြူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့က ဆောင်ရွက်ပြီးစီးသော ကျောက်တံခါးမြို့နယ် အောင်မင်္ဂလာ -သရက်စိန် ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ကျောက်တံခါးမြို့နယ်ဥက္ကဋ္ဌ ဦးလွင်မင်း၊ ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်လွင်ဦးနှင့် မြို့မိမြို့ဖ ဦးညွန့်ဝင်းတို့က အောင်မင်္ဂလာ-သရက်စိန်ကျောက်ချောလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး **(အောက်ပုံ)** ညွှန်ကြားရေးမှူးချုပ်သည် ကျောက်ချောလမ်းသစ် တစ်လျှောက် ဖြတ်သန်း ကြည့်ရှုသည်။

ကောင်းမွန်

အဆိုပါ အောင်မင်္ဂလာ-သရက်စိန် ကျောက်ချောလမ်းသစ်သည် လမ်းအရှည် ၄မိုင် ၀ဒသမ၄၂ဖာလုံ၊ အကျယ် ၁၂ ပေရှိပြီး ယခင်မြေသားလမ်းအဖြစ်မှ ယခုကဲ့သို့ ကျောက်ချောလမ်းသစ်အဖြစ် အဆင့်မြင့်တင် ဖောက်လုပ်ပေးခြင်းဖြင့် ကျောက်တံခါးမြို့နယ် တောကျွဲအင်းဒေသနှင့် ဖြူးမြို့နယ် ကညွတ်ကွင်းအတွင်းရှိ ကျေးရွာအုပ်စု ကိုးအုပ်စု ကျေးရွာ(၅၁)ရွာ ကျေးလက်ပြည်သူများအနေဖြင့် ရာသီမရွေး အဆင်ပြေချောမွေ့စွာ သွားလာအသုံးပြုနိုင်ပြီဖြစ်သည့်အပြင် အဆိုပါလမ်းသည် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးနှင့် ရန်ကုန်-မန္တလေးပြည်ထောင်စု လမ်းမကြီးတို့အကြား ဆက်သွယ်ထားသည့် လမ်းဖြစ်သဖြင့် ဒေသခံပြည်သူများအတွက် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး နှင့် လမ်းပန်းဆက်သွယ်ရေးအခြေအနေများ ပိုမိုတိုးတက် ကောင်းမွန်လာပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှေ့ဖုံးမှ

ယခုကဲ့သို့ ရေလှောင်တမံများ၊ ရေထိန်းတံခါးများ၊ ရေလွှဲဆည်များကို တည်ဆောက်ပေးခြင်းဖြင့် နယ်မြေဒေသရှိ ပြည်သူတို့၏ စားဝတ်နေရေးသာမက လူမှုစီးပွားဘဝပါ တိုးတက်မြင့်မားလာခဲ့သည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တည်ဆောက်ခဲ့သည့် စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ်ရှိ လင်ပန်း ရေလှောင်တမံကြီးကို ၂၀၀၉ခုနှစ် ဇူလိုင် ၂၆ ရက်တွင် ဖွင့်လှစ်ပေးခဲ့သည်။ ယင်းရေလှောင်တမံသည် မြေသားတမံဖြစ်ကာတမံအမြင့်ပေ ၄၀၊ တမံအလျား ပေ ၉၈၀၀ရှိပြီး လယ်မြေဧက ၂၀၀၀ အတွက် ရေပေးဝေလျက်ရှိရာ ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုး တိုးတက်ရေးနှင့် နိုင်ငံတော်၏ စိုက်ပျိုး ထုတ်လုပ်မှုကဏ္ဍ၌ များစွာ အကျိုး ဖြစ်ထွန်းစေခဲ့ပေပြီ။ ။

(မြန်မာ့အလင်း)

ဒီဇင်ဘာ ၂၀ရက်က ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသူဟောင်းများ၏ (၁၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို အဆိုပါကျောင်း သီရိရတနာခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)



မြန်မာ့အလင်း အမြို့မြို့ အနယ်နယ် လိုတိုရှင်းသတင်းများ

ရန်ကုန် ဇန်နဝါရီ ၇

သာစည်မြို့ ရေပေးရေး မြေနေရာတိုင်းတာ

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသောသောက်သုံးရေ ပိုမိုဖြန့်ဝေပေးနိုင်ရေးအတွက် မင်းလှကန်အနီး၌ သီးခြားရေစုကန်တစ်ကန်ပြုလုပ်၍ မြို့တွင်းရေစစ်ကန်သို့ ရေပိုက်များဖြင့်သွယ်ယူပြီး မြို့ရေပေးဝေနိုင်ရန် မြေနေရာတိုင်းတာမှုကို နိုဝင်ဘာ၂၆ရက်က မြို့နယ်ဆည်မြောင်းဦးစီးဌာနနှင့်ပူးပေါင်း၍ ဆောင်ရွက်ကြသည်။ (၀၉၄)

မင်းကင်းမြို့နယ်၌ မိုးစပါးစံကွက် ရိတ်သိမ်း

စစ်ကိုင်းတိုင်း မင်းကင်းမြို့နယ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို ဒီဇင်ဘာ ၂၃ရက် နံနက် ၈နာရီက ပွင့်လျက်ရွာ ကွင်းအမှတ်(၇၅၅) တောင်သူဦးတင်မြင့်၏လယ်မြေ၌ ကျင်းပရာ ကလေးခရိုင် မြေစာရင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဝင်း၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးအောင်မြတ်သိန်းနှင့်ဝန်ထမ်းများက ဒေသခံ တောင်သူများ၏ မိုးစပါးစံကွက်များ စုပေါင်းရိတ်သိမ်းမှုကို ကြည့်ရှုအားပေးကြသည်။ *(မြို့နယ် ပြန်/ဆက်)*

အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးသင်တန်းဆင်း

မွန်ပြည်နယ် ပေါင်မြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးသင်တန်း အမှတ်စဉ် (၄/၂၀၀၉) သင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၁၂ရက် နံနက် ၁၀နာရီက ပေါင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးညွန့်လှိုင်က သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ပေါင်မြို့နယ် မီးသတ်ဦးစီးမှူး ဦးသန်းထိုက်နှင့်တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ ***(မြို့နယ် ပြန်/ဆက်)***

ပြည်ခရိုင်ရှိ လုပ်ငန်းခွင်လေ့ကျင့်ပညာပေးသင်တန်းဖွင့်

ပြည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းခွင်လေ့ကျင့်ပညာပေး(ဌာနတွင်း) သင်တန်း(၁/၂၀၀၉)ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၁ရက် နံနက် ၈နာရီက ခရိုင်ရုံးစာကြည့်တိုက်ခန်းမ၌ကျင်းပရာ ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်းဦးစီးမှူး ဦးတင်အောင်ညွန့် တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ *(ခရိုင် ပြန်/ဆက်)*

စာဆိုတော်နေ့အထိမ်းအမှတ် ဟသ်ာတ၌ ဟောပြော

ဟသ်ာတမြို့နယ် စာဆိုတော်နေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ ဆုပေးပွဲနှင့် စာပေဟောပြောပွဲကို ဒီဇင်ဘာ ၁၉ရက် ည၇နာရီက မြို့တော်ခန်းမ၌ကျင်းပရာ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးညွန့်မောင်က အမှာစကားပြောကြားပြီး စာစီစာကုံးပြိုင်ပွဲ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်သည်။ ထို့နောက် နုနုရည်(အင်းဝ)၊ ဒါရိုက်တာ အကယ်ဒမီ ကြည်စိုးထွန်းနှင့် အဏ္ဏဝါစိုးမိုးတို့က သုတ၊ရသစာပေများနှင့်ပတ်သက်၍ ဟောပြောကြသည်။ (၁၇၇)

ကျိုက်ထို၌ မီးသတ်တပ်ဖွဲ့ဝင်များ သင်တန်းဆင်း

ကျိုက်ထိုမြို့နယ်တွင် မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးသင်တန်း(၄/၂၀၀၉) ဆင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၁ရက် နံနက် ၉နာရီက မြို့နယ်ခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်စိုးပိုင်က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးခင်အောင်က အရန်မီးသတ်တပ်ဖွဲ့ဝင်များ စနစ်တကျ တာဝန်ထမ်းဆောင်နိုင်ရေး မှာကြားသည်။ *(မြို့နယ် ပြန်/ဆက်)*

တက္ကသိုလ်ဝင် အထောက်အကူပြု ဘာသာရပ်များ ရေဦး၌ပို့ချ

၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၂ရက် နံနက် ၉နာရီက ရေဦးမြို့နယ်ခန်းမဆောင်၌ကျင်းပရာ ရွှေဘိုဒီဂရီကောလိပ်မှ ဆရာ ဆရာမများက ရေဦးမြို့နယ်အတွင်းရှိ အထကခွဲနှင့် အထကများမှ ကျောင်းသား ကျောင်းသူ ၁၇၀၀တို့အား တက္ကသိုလ်ဝင် ဘာသာရပ်များကို ဆွေးနွေးပို့ချသည်။ (၀၃၄)

တောင်ကြီး၌ ကုန်စည်ဒိုင်များ၏အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ကုန်စည်ဒိုင်(တောင်ကြီး)နှင့် မြန်မာနိုင်ငံအတွင်းရှိ ကုန်စည်ဒိုင်များ၏အလုပ်ရုံ ဆွေးနွေးပွဲကို နိုဝင်ဘာ ၂၇ရက် မွန်းလွဲ၂နာရီက အနောက်မြို့ပတ်လမ်းရွှေတောင်ရပ်ရှိ ကုန်စည်ဒိုင်(တောင်ကြီး)၌ ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်က အဖွင့်အမှာစကား ပြောကြားသည်။ *(ခရိုင် ပြန်/ဆက်)*

ပုလဲ-ကျားတက်လမ်း၌ ကတ္တရာထပ်ပိုးလွှာခင်း

ပုလဲမြို့နယ်၌ဆောင်ရွက်လျက်ရှိသော ပုလဲ-ကျားတက်လမ်း မိုင်တိုင်(၅/၃)မှ (၅/၆)အတွင်း ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းသို့ ဒီဇင်ဘာ ၁၁ရက်က မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်မြင့်က လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြသည်။ ***(မြို့နယ် ပြန်/ဆက်)***

(၆၂)နှစ်မြောက်လွတ်လပ်ရေးနေ့ဂုဏ်ပြု
အုတ်တွင်းမြို့နယ် ဂူကြီးကုန်းကျေးရွာ ကျောက်ချောလမ်း ဖွင့်ပွဲအခမ်းအနားကျင်းပ

အုတ်တွင်း ဇန်နဝါရီ ၇

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်း အုတ်တွင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော ဂူကြီးကုန်းကျေးရွာ ကျောက်ချောလမ်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ရက် နံနက်က အဆိုပါလမ်းမုခ်ဦး၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ရှိန်က ကျောက်ချောလမ်းဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

(အပေါ်ပုံ) (မြို့နယ်စည်ပင်)

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုဟောပြောပွဲကို ဇန်နဝါရီ ၂ရက်က အင်းစိန် အလက(၁) ကျောင်းခန်းမ၌ ကျင်းပရာ သဘာပတိ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်နီက အဖွင့်အမှာစကားပြောကြားပြီး အလယ်တန်းပြဆရာမ ဒေါ်မိမိရီ(မိမိရီ-အင်းစိန်)က လွတ်လပ်ရေးနေ့အကြောင်း ဟောပြောစဉ်။

(၁၁၃)

အထက(သုဝဏ္ဏ) မြတ်ဆရာပူဇော်ပွဲ အလှူငွေပေးအပ်

ရန်ကုန် ဇန်နဝါရီ ၇

ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ် အထက (သုဝဏ္ဏ)ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပရေးကော်မတီက ကြီးမှူးကျင်းပသည့် အဋ္ဌမအကြိမ် မြတ်ဆရာပူဇော်ပွဲအတွက် ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲကို ဒီဇင်ဘာ ၂၇ရက် နံနက်၁၀နာရီကကျောင်းရှိကွန်ပျူတာခန်းမ၌ ကျင်းပသည်။

လှူဒါန်း

အခမ်းအနားတွင် အလှူရှင်များ၏ လှူဒါန်းငွေ ကျပ်သိန်း ၄၀ ကို တာဝန်ရှိသူများက လက်ခံယူသည်။ **(အောက်ပုံ)**

အဋ္ဌမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၁၀ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အထက (သုဝဏ္ဏ)ကျောင်း၌ ကျင်းပမည်ဖြစ်ရာ ၁၉၆၅-၂၀၀၉ ခုနှစ်အထိ အသက် ၆၀ပြည့် အငြိမ်းစား ဆရာ ဆရာမ ၁၄၀တို့အား ဖိတ်ကြားထားသည်။

မိတ်ဆုံညစာစားပွဲကို အဆိုပါနေ့ ညနေ ၆နာရီတွင် သုဝဏ္ဏ စကိတ်ကွင်းရှိ Eagle Garden Restaurant ၌ ကျင်းပမည်ဖြစ်ရာ မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲသို့ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် မြတ်ဆရာပူဇော်ပွဲအတွက် လှူဒါန်းလိုသူများသည် ဦးလှတင် ဖုန်း-၀၉-၅၀၅၀၅၁၆၊ ဦးမြင့်စိုး ဖုန်း-၀၉-၅၁၂၄၀၀၆၊ ဦးဥက္ကာအေး ဖုန်း-၀၉-၅၁၄၄၀၂၃၊ ဦးစိုးပိုင် ဖုန်း-၀၁-၅၇၀၄၄၀၊ ၀၉-၅၁၅၂၆၆၀၊ ဦးအေးမြင့် ဖုန်း-၀၉-၅၀၅၇၈၄၄၊ ဒေါ်သင်းသင်းနိုင် ဖုန်း-၀၉-၅၁၅၆၀၃၈၊ ဗိုလ်မှူးအောင်မြတ်(ငြိမ်း) ဖုန်း-၀၁-၅၆၃၈၂၅၊ ဒေါ်တင်တင်သန်း ဖုန်း-၀၉-၅၁၅၃၃၈၁နှင့် ဦးသက်မော် ဖုန်း-၀၁-၃၉၁၁၈၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ပညာရေး)

သင့်သွေးဖြင့်အသက်ကယ်ပါ

မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြ

မြစ်ကြီးနား ဇန်နဝါရီ ၇

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးများဖြစ်သော ခေတ်မီနှစ်ထပ်ဈေး၊ အမှတ်(၂)ဈေးနှင့် ရေစင်ကွင်း၊ ဈေးများအား ကျန်းမာသန့်ရှင်းရေးနှင့် မီးဘေးလုံခြုံရေးအတွက် နိုဝင်ဘာ ၂၈ရက်က ဦးစီးအရာရှိ ဦးဂျွန်စယ်၊ ဒုတိယဦးစီးမှူး(ဈေး) ဒေါ်ရွှယ်ဂျာနှင့် ဝန်ထမ်းများ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များက လက်တွေ့သရုပ်ပြ လေ့ကျင့်ကြသည်။

(ပြည်နယ် ပြန်/ဆက်)

ရှော့ရှိတဲ့အချစ်များ ဟာသဇာတ်မြူး သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများ၌ အပြိုင်တင်
Avatar နှင့် 3 idiots နိုင်ငံခြားကားများ ဆက်လက်ပြသနေ

ရန်ကုန် ဇန်နဝါရီ ၇

ယခုသောကြာပတ်တွင် သမ္မတ၊ သွင်နှင့်မင်္ဂလာရုံများ၌ **ရှော့ရှိတဲ့အချစ်များ** အမည်ရှိ ဟာသဇာတ်မြူးကား ရုံသုံးရုံ၌ အပြိုင်တင်ပြသနေသည်။

ပါဝင်သရုပ်ဆောင်

ဒါရိုက်တာ ကိုဇော်(အရဏ်ဦး) ရိုက်ကူးပြီး ဝတ္ထုညာလက်တော်နှင့် ဇာတ်ညွှန်းမြတ်လှိုင်(ကဗျာ)၊ ကျော်သိန်း ရေးသားကာ ခန့်စည်သူ၊ ပြေတီဦး၊ စိုးမြတ်သူဇာ၊အိန္ဒြာကျော်ဇင်နှင့်မိုးဟေကိုတို့ ပါဝင်သရုပ်ဆောင်ပြီး ချောင်းသာ၏ ကမ်းခြေရှုခင်း အလှနှင့် သရုပ်ဆောင်များ၏ ထိမိသော ဟာသသရုပ်ဆောင် ဇာတ်ကွက်များကို ကြည့်ကြရမည် ဖြစ်သည်။

နေပြည်တော်ရုံ

ကမ္ဘာကျော် တိုင်တန်းနစ် ရုပ်ရှင်ဇာတ်ကားကြီးကို ရိုက်ကူးသူ ဒါရိုက်တာ ဂျိမ်းစ်ကင်မရွန်း၏ အနာဂတ်စိတ်ကူးယဉ် သိပ္ပံဇာတ်ကားကြီး **Avatar** မှာ နေပြည်တော်ရုံ၌ ဆက်လက်ပြသနေသည်။

ခန့်မှန်းထား

အက်ဗတာရုပ်ရှင်ကို အမေရိကန်တွင် ရုံတင်ခဲ့ရာ ပွဲဦးထွက်တစ်နေ့တည်းမှာပင် ဝင်ငွေ ၂၇သန်း ရသည်အထိ ဝင်ငွေစံချိန်ချိုးခဲ့သဖြင့် ကမ္ဘာကျော် တိုင်တန်းနစ် ဇာတ်ကားထက်ပင် ပိုမို ဝင်ငွေကောင်းမည်ဟု ကင်မရွန်းက ခန့်မှန်းထားသည်။

သိပ္ပံဇာတ်ကား

ဇာတ်လမ်းမှာ ပန်ဒိုရာဂြိုဟ်ကမ္ဘာမှ အဖိုးတန်ရှားပါး သတ္တုတစ်မျိုး ရရှိရေးအတွက် လူသားနှင့် နာဗီမျိုးစပ်ထားသော အက်ဗတာကို အမေရိကန်တို့က မျိုးရိုးဗီဇနည်းပညာဖြင့် တီထွင် ဖန်တီးပြီး ဂြိုဟ်သားနာဗီများကို တိုက်ထုတ်ကာ အဖိုးတန် သတ္တုများရရှိရေး ကြိုးစားပုံများကို ဇာတ်အိမ်တည် ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။ လာမည့် အနာဂတ်ကာလတွင် သဘာဝစွမ်းအင် အရင်းအမြစ်များ ကုန်ခန်းနေသော ကမ္ဘာဂြိုဟ်မှ လူသားများက အခြားဂြိုဟ်ကမ္ဘာများအား နယ်ချဲ့ စိုးမိုးရန် ကြံစည်လာကြပုံများကို စိတ်ကူးယဉ် ရိုက်ကူးထားသော သိပ္ပံဇာတ်ကား ဖြစ်သည်။

ရွှေဆောင်ရုံတွင်ပြသနေသော အိန္ဒိယဇာတ်ကားသစ် 3 idiots မှာ ဂါဂျနီးမင်းသား အမီးရ်ခန်းအဓိက ပါဝင်ထားပြီး ဂါဂျနီးတွင် ရက်စက်ကြမ်းတမ်း သလောက် ယခုဇာတ်ကားတွင် အရယ်အသော ဖောက်ထားသည်။ ။

(မြန်မာ့အလင်း)

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ရှော့ရှိတဲ့အချစ်များ ဇာတ်ကားမှ ပြေတီဦးနှင့် မိုးဟေကိုတို့၏ သရုပ်ဆောင်ဟန်။

အီလက်ထရွန်နစ်နှင့်ကွန်ပျူတာနည်းပညာပြပွဲကြီး
၃၁-၁-၂၀၁၀ မှ ၃-၂-၂၀၁၀
Smart Business Group , Ph:01 663837, 09 50 99079, 09 86 20600



အန်းဒါးဆင်း ပုံပြင်များ
Hans Christran Andersens tales and stories

ဆရာဌေး အင်္ဂလိပ်စာသင်တန်း
IELTS, TOEFL
Ph:0951 72096, 0951 96014, 01-245683

ဖခင်အမည်မှန်	အထက(၁) ဒဂုံ သူငယ်တန်း(G)မှ မသိမ့်သိမ့်ဟန်နီထက်၏ ဖခင်အမည်မှန်မှာ ဦးအောင်မင်းဖြစ်ပါသည်။

မြတ်မော်တင်ဘုရားပွဲတော်
ရောဝတီသား လူငယ်များဘုရားဖူးအဖွဲ့

ကားဖြင့်သွားမည်။ ကား+ရှပ်ပြေးယာဉ်ဖြင့်သွားမည်။ စား၊ တည်း၊ ငြိမ်း (နှစ်)ညအိပ်၊ (သုံး)ရက်ခရီး။
ခရီးစဉ် (၁) ၁၁-၂-၂၀၁၀ရက် ညထွက် ၁၄-၂-၂၀၁၀ရက် ပြန်ရောက်။
ခရီးစဉ် (၂) ၁၉-၂-၂၀၁၀ရက် ညထွက် ၂၂-၂-၂၀၁၀ရက် ပြန်ရောက်။
ဦးလေးတင့် (လူပျံတော်ပတ္တမြားဆေးတိုက်) ဖုန်း-၂၂၁၉၇၈၊ ၂၁၅၉၇၂၊ ၂၁၅၉၇၃
ဦးလှိုင်ဝင်းရှိန် (ရွှေထိပ်တန်းခရီးသွားလုပ်ငန်း) ဖုန်း- ၃၈၆၃၆၁၊ ၇၀၁၀၁၅၊ ၀၉-၅၁၈၃၄၄၉။

ကျေးဇူးဆပ်ပါမည်

Canon တံဆိပ်ကင်မရာတစ်လုံး ၄-၁-၂၀၁၀ရက်တွင် ချောင်းသာခရီးအပြန်၌ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ မသိမ့်သိမ့်ထွန်း
ဖုန်း-၅၀၅၄၀၃၊ ၀၉-၅၄၁၀၀၆၀၊ ၀၉-၅၁၈၅၄၃၃။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်း၊ ဝေါမြို့၊ အောင်ချမ်းသာရပ်ကွက်၊ ၄လမ်းနေ ဦးတင်လတ်၏ သားဖြစ်သူ မောင်နိုင်လင်းဦး ၇/ဝမန (နိုင်) ၀၇၈၆၄၆သည် မိဘနှစ်ပါး စကားနားမထောင်ဘဲမိမိသဘောဆန္ဒ အလျောက်ပြုလုပ်နေပါသဖြင့် ၎င်းအား သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်း။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူမည်မဟုတ်ပါ။

ဖခင်- ဦးတင်လတ်
မိခင်- ဒေါ်တင်ရီ။

ဒေါ်ယုယုမြင့်
B.Sc(Hons), M.Sc
MBA, CIMA-Final(UK), ADMA, DA, DPM, DMP, L.C.C.I
ACCA, L.C.C.I & MYOB
Ph : 223177, HP : 0950 14563

ကမာရွတ်မြို့နယ်၊ မှာနက်တောလမ်းမကြီးက
သိင်္ဂီရွှေဝါ ပိုးထည်ဆိုင်အနီးမှာ
THEINGI SHWE WAH FABRIC CENTRE
အရောင်းခန်းမ
မကြာမီ ဖွင့်လှစ်ပါတော့မည်

မန္တလာ

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သား မောင်ဝင်းသီဟ ၁၂/ကမတ(နိုင်)၀၅၀၈၈၉ သည် မိဘအပေါ် ကြိမ်ဖန်များစွာ စိတ်ဆင်းရဲအောင် ပြုလုပ်ခြင်း၊ ဂုဏ်သိက္ခာထိခိုက်အောင် အကြိမ်ကြိမ်ပြုလုပ်သဖြင့် ၎င်းအား ဤကြော်ငြာသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း၊ ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။

ဒေါ်ခင်မြင့်
၁၂/ကမတ(နိုင်)၀၂၄၃၈၆။

ဟောကဲ့ကို မိန်ဒေါ်ရွှ
ရင်ဆိုင်ခဲ့သည့် ကျွန်တော်
ကေသီမင် ဦးလှမြင့်

(၂၁)နှစ်မြောက် မင်္ဂလာဆုတောင်း

အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတရေ ဦးစိုင်းထွန်းရင်နှင့်ဇနီး သီရိသုဓမ္မသိင်္ဂီ ဒေါ်ချိုချိုခိုင်(ကီမိုနိုဟောက်စ်)တို့၏ ၇-၁-၂၀၁၀ရက်တွင် ကျရောက်သော (၂၁) နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နှစ်ပေါင်းများစွာ မိသားစုနှင့်အတူ သာသနာ့အကျိုးကို ကိုယ်စိတ်ချမ်းသာစွာ ဆောင်ရွက်နိုင်ကြပါစေ····

ချစ်သူငယ်ချင်းများ-အေးအေး၊ စန္ဒာ၊ မာမာ၊ မိုးမိုး၊ ငယ်ငယ်၊ ဆယ်လီ၊ မော်၊ အေး၊ ကြူကြူ၊ စီစီ။

Beauty Land
8000
13000
35000

ခြံနှင့်အိမ် အမြန်ညှိနှိုင်းရောင်းမည်

ကမ္ဘာအေးဘုရားလမ်း ကုက္ကိုင်း မီးပွိုင့်အနီး ဗဟန်းမြို့နယ်၊ ဂုတ်ခြံ၊ ဦးရာလူ ရောင်းမည်။
ဆက်သွယ်ရန် ဖုန်း-၅၄၃၃၂၅
၀၉-၄၃-၃၃၁၇၈၉။

JAN 17,22,29 FEB 5,11,19,26
241863, 380141, 099973158

ပျောက်ဆုံးကြောင်း

ကျွန်တော်ဦးနေမိုးထွန်း အမည်ပေါက်ပိုင်ဆိုင်သော ယာဉ်အမှတ် ၃က/၂၆၉၀ Corona Van 90 Model ကားအမျိုးအစား၏ ယာဉ်မှတ်ပုံတင်စာအုပ်၊ စက်သုံးဆီစာအုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုစာရင်းစာရွက်များပါသောအိတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ကျေးဇူးဆပ်ပါမည်။ ဖုန်း-၀၉-၈၆-၁၀၇၁၁။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မောင်ဇော်မြင့် MME-၆၅၁၇၂၀ သည် မိဘများ၏ဆိုဆုံးမမှုကို နားမထောင်ဘဲ မိဘများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်း။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ဖခင်-ဦးမန်နီး ၁၀/မလမ(နိုင်)၁၅၂၁၁၃
မိခင်-ဒေါ်ဆရီးဂျား ၁၀/မလမ(နိုင်)၁၅၂၁၁၄။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ် ၇၈၊ မြေကွက်အမှတ် ၄၄အေ၊ မြေကွက်တည်နေရာ ၃၈၊ အင်းစိန်လမ်း၊ ၂ရပ်ကွက်၊ ကမာရွတ်မြို့နယ် ဒေါ်အမာရွှေ အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် မိခင်ဒေါ်အမာရွှေသည် ၂၃-၁-၂၀၀၉ရက်၌လည်းကောင်း၊ ဖခင် ဦးကျော်သန်းသည် ၂၃-၄-၈၂ရက်၌လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် (၁)ဒေါ်ခင်ဝင်းကြည် ၁၂/ဒဂန(နိုင်) ၀၀၉၈၇၉(၂) ဒေါ်ခင်သန်းကြွယ် ၁၂/ကမရ(နိုင်) ၀၁၂၄၃(၃)ဒေါ်ခင်သန်းနွယ်၁၂/ကမရ(နိုင်)၀၁၂၅၃၅(၄)ဒေါ်ခင်သန်းဝင်း၁၂/ကမရ(နိုင်) ၀၃၂၁၆၉(၅)ဒေါ်ခင်မြင့်ကြည်၁၂/ကမတ(နိုင်)၀၀၅၉၈၃တို့က သမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်စွန့်လွှတ်စာချုပ်ချုပ်ရန်မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြ စီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

အခင်စာတာ နဲ့ဆို OK!

မိုးစပါးစံကွက်ရိတ်သိမ်းမှုသရုပ်ပြပွဲ မကွေးမြို့နယ်မြင်ကင်းကျေးရွာတွင်ကျင်းပ

မကွေး ဇန်နဝါရီ ၅

မကွေးမြို့နယ် မြင်ကင်းလျှပ်စစ်မြစ်ရေတင် ဧရိယာအတွင်းရှိ မြင်ကင်းကျေးရွာ ကွင်းအမှတ်(၁၆၅၄)တွင် တောင်သူဦးမျိုးညွန့်၏ လယ်မြေ၌ မနောသုခ မိုးစပါးစံကွက်တစ်ဧကရိတ်သိမ်းပွဲကို ဒီဇင်ဘာ ၂၅ရက် နံနက်ပိုင်းက ကျင်းပရာ မကွေးခရိုင် စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များနှင့် ဒေသခံတောင်သူများ တက်ရောက်အားပေး ကြည့်ရှုခဲ့ကြသည်။

လက်တွေ့သရုပ်ပြ

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းပွဲတွင် တစ်ဧကလျှင် စပါးအထွက်နှုန်း ၁၀၂တင်းထွက်ရှိပြီး စက်မှုလယ်ယာ ဦးစီးဌာနမှထုတ်လုပ်သော 4GL-120A စပါးရိတ်သိမ်းစက်ဖြင့် စပါးရိတ်သိမ်းနေမှုကို လက်တွေ့သရုပ်ပြခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**



ဇန်နဝါရီ ၄ရက်က ပန်းတနော်မြို့နယ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ပန်းရွှေဝါပန်းခြံ(လွတ်လပ်ရေးကျောက်တိုင်ကွင်း)၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးမြဦး ဖတ်ကြားစဉ်။ (မြန်မာ့အလင်း)

အမေ့ရှာပညာအလင်း စာကြည့်တိုက်ဆောက်လုပ်ရေး ငါ့သရောက်မြို့၌ ပန္နက်တင်

ညောင်ဦး ဇန်နဝါရီ ၅

ညောင်ဦးခရိုင် ငါ့သရောက်မြို့ ဗြူကြီးကျေးရွာ အမေ့ရှာပညာအလင်း စာကြည့်တိုက်ဆောက်လုပ်ရန်အတွက် ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်မြလွင်နှင့် ငါ့သရောက်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဌေးဝင်းတို့သည် ဒီဇင်ဘာ ၄ရက်က အဆိုပါ ကျေးရွာသို့ ကွင်းဆင်း၍ မြေနေရာ ရွေးချယ်ကြပြီးနောက် အဆိုပါ စာကြည့်တိုက် ပန္နက်တင်မင်္ဂလာ အခမ်းအနားကို ဒီဇင်ဘာ ၉ရက် နံနက် ၉ နာရီက ကျင်းပသည်။

ပန္နက်တင်

အခမ်းအနားတွင် ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်မြလွင်၊ ငါ့သရောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဌေးဝင်း၊ ဗြူကြီးကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်မြင့်နှင့်အဖွဲ့ဝင် ဦးဘိုလှော်တို့က အဆိုပါစာကြည့်တိုက်ကို ပန္နက်တင်ပေးကြသည်။

(ခရိုင် ပြန်/ဆက်)

ကျောက်ကြီး နတ်သံကွင်း၌ ယာယီတံတားဖွင့်

ကျောက်ကြီး ဇန်နဝါရီ ၃

ကျောက်ကြီးမြို့နယ် နတ်သံကွင်းကျေးရွာ ယာယီစစ်တောင်းမြစ်ကူး တံတားဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ၂၀ရက် နံနက် ၁၀နာရီက အဆိုပါတံတား ရှေ့၌ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးကျော်စိုး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်မျိုးညွန့်နှင့် တံတားဖြစ်မြောက်ရေးကော်မတီ အကျိုးဆောင် ဦးမြမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တံတားကို ဖြတ်သန်းကြည့်ရှုကြသည်။ **(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)**

လွတ်လပ်ရေးနေ့ဂုဏ်ပြု နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲ ရေနံချောင်းတွင် ကျင်းပ

ရေနံချောင်း ဇန်နဝါရီ ၅

ရေနံချောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ပညာရေးဌာန၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့တို့ ပူးပေါင်း၍ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့်ဓာတ်ပုံပြပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၃ရက် မွန်းလွဲ၁နာရီက အမှတ်(၃) အထက၌ ကျင်းပသည်။ **(အောက်ပုံ)**

ဟောပြော

ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဒေါ်သောင်းမြင့်က လွတ်လပ်ရေးနေ့ ဖြစ်ပေါ်လာပုံ၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်က လွတ်လပ်ရေးတန်ဖိုးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်အုန်းမြင့်က လွတ်လပ်ရေးနှင့် မျိုးဆက်သစ်လူငယ်များ၏တာဝန် ခေါင်းစဉ်တို့ဖြင့် ဟောပြောကြသည်။ **(မြို့နယ် ပြန်/ဆက်)**

အမျိုးသားတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၇

T.Home Electronics မှ Main Sponsor အဖြစ် ပံ့ပိုးပေးသည့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်တို့မှ ကြီးမှူးကျင်းပမည့် ၂၀၁၀ခုနှစ် (၃၆)ကြိမ်မြောက် အမျိုးသားတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲကို ဇန်နဝါရီ ၃၀ရက်မှ ဖေဖော်ဝါရီ ၁၂ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲမှ မြန်မာ့လက်ရွေးစင် စစ်တုရင်အားကစားသမားများ ရွေးချယ်မည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိသည့် စစ်တုရင်အားကစားသမားများသည် ဇန်နဝါရီ ၂၉ရက် မွန်းလွဲ ၁နာရီတွင် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ရုံးခန်း၌ ကျင်းပမည့် အစည်းအဝေးသို့ မပျက်မကွက်တက်ရောက်ကြရန်ဖြစ်သည်။ (၃၆)ကြိမ်မြောက် အမျိုးသားတံခွန်စိုက်စစ်တုရင်ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိသည့် အားကစားသမားများမှာ ဇော်ဦး (ကာကွယ်ရေး)၊ ဝင်းဇော်ထွန်း(လယ်ယာ/ဆည်မြောင်း)၊ ဇော်ဝင်းလေး (လယ်ယာ/ဆည်မြောင်း)၊ ဖြိုးချစ်(မြန်မာနိုင်ငံရဲတပ်ဖွဲ့)၊ မျိုးနိုင် (ပို့ဆောင်ရေး)၊ ကျော်လင်းနိုင် (သစ်တောရေးရာ)၊ အောင်မျိုးလှိုင်(မြန်မာနိုင်ငံရဲတပ်ဖွဲ့)၊ နေဦးကျော်ထွန်း(မြန်မာနိုင်ငံရဲတပ်ဖွဲ့)၊ ဝင်းဇော်(ကာကွယ်ရေး)၊ ငြိမ်းချမ်း (လယ်ယာ/ဆည်မြောင်း)၊ မင်းထူး(သစ်တောရေးရာ)၊ နေဝင်းအောင် (ပို့ဆောင်ရေး)၊ ကျော်ကျော်ဦး (သစ်တောရေးရာ)၊ ကျော်ဦး (ကာကွယ်ရေး)၊ မျိုးကျော်လှိုင်(ပဲခူးတိုင်း)နှင့် ညွန့်ဝင်း(ပဲခူးတိုင်း)တို့ဖြစ်ကြောင်း သိရသည်။

(စစ်တုရင်အဖွဲ့ချုပ်)



ရန်ကုန်မြို့ ကမာရွတ်မြို့နယ် လှည်းတန်း စေတနာသုခလမ်းနေ ဗိုလ်ကြီးကျော်မင်း(ငြိမ်း)အားရည်စူး၍ ဇနီး ဒေါ်သန်းတင်မိသားစုက ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ဇန်နဝါရီ ၅ရက်က ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာ အခြေခံသင်တန်း အမှတ်စဉ်(၁၄) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်းအခွန်များဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ဝန်ထမ်းရေးရာနှင့် သင်တန်းဌာနခွဲ ညွှန်ကြားရေးမှူး ဦးညွန့်တင်က သင်တန်းဖွင့် အမှာစကား ပြောကြားစဉ်။ (ပြည်တွင်းအခွန်)

ကြံခင်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၇

ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)၏ သတ္တမအကြိမ် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၃ရက်(စနေနေ့) နံနက် ၉နာရီတွင် ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်လမ်း ဗဟန်းအားကစားကွင်းအတွင်းရှိM3 Food Center (Diamond Hall)၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များအားလုံးနှင့် ရန်ကုန်မြို့ရောက် ကြံခင်းသူ ကြံခင်းသားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အစည်းအဝေးသို့ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

၂၀၀၉ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူး သုံးဘာသာအထက် ရရှိကြသည့် အသင်းဝင်များ၏ သားသမီးများ အမည်စာရင်း ပေးပို့လိုသူများသည် ဇန်နဝါရီ ၂၀ရက် နောက်ဆုံးထား၍ ဥက္ကဋ္ဌဗိုလ်မှူးကြီးစန်းလွင် (ငြိမ်း) ဖုန်း-၀၁-၆၃၆၇၈၀၊ အတွင်းရေးမှူး-ဦးစိန်ဌေး ဖုန်း-၀၁-၆၆၃၄၈၉၊ ၀၉-၅၁၃၂၁၅၈၊ ဘဏ္ဍာရေးမှူးဒေါ်တင်တင်ထွေး ဖုန်း-၀၁-၅၄၁၀၆၅နှင့် အလုပ်အမှုဆောင် ဒေါ်အေးအေးညွန့် ဖုန်း-၆၄၆၅၇၁ တို့သို့ ဆက်သွယ်အကြောင်းကြား ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

(၁၃၅)

ပုသိမ်မြို့ ကမ်းနားလမ်း ကွန်ကရစ်ခင်း

ပုသိမ်မြို့ ကမ်းနားလမ်းတွင် ပြည်သူနှင့်စည်ပင် ပူးပေါင်း၍ ကွန်ကရစ်လမ်းခင်းခြင်းကို ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၅ရက်က အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ယာဉ်နှင့်လမ်းစည်းကမ်း ပညာပေးဟောပြော

ကလေး ဇန်နဝါရီ ၅

စစ်ကိုင်းတိုင်း ကလေးခရိုင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေး ဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြသခြင်း အခမ်းအနားကို ဒီဇင်ဘာ ၂၅ ရက် မွန်းလွဲ ၁နာရီက ကလေးမြို့ လူငယ်သင်တန်းကျောင်း၌ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းခိုင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ ပညာပေးဟောပြောခြင်း၊ လမ်းညွှန်အမှတ်အသားပိုစတာ၊ မှတ်တမ်းဓာတ်ပုံပြသခြင်းနှင့် ယာဉ်ထိန်းရဲ၏လက်အချက်ပြသခြင်းများကို လက်တွေ့သရုပ်ပြသပြီးနောက် လက်ကမ်းစာစောင်များ ဖြန့်ဝေသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကြည်ဝင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညီညီဝင်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြောင်းသိရသည်။

(ခရိုင် ပြန်/ဆက်)

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ဘုရားသုံးဆူမြို့တွင်းလမ်းများ တိုးတက်ကောင်းမွန်ရေးအတွက် ခဏ္ဍာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို မြို့နယ်တာဝန်ခံ ဦးရဲလင်းဦးနှင့် အငယ်တန်းအင်ဂျင်နီယာ-၂(မြို့ပြ) ဦးကျော်ခိုင်ထွန်းတို့ ဒီဇင်ဘာ ၂၄ရက်က ကြီးကြပ်ဆောင်ရွက်စဉ်။ (ခရိုင် ပြန်/ဆက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

✳ VOA, BBC - ရန်တိုက်ပေးနေသည်။

✳ RFA, DVB - သွေးထိုးနေသည်။

✳ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။

✳ နားမယောင်လေနဲ့ သတိထား။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်သင်တန်း အမှတ်စဉ်(၇) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတက်ရောက် မိန့်ခွန်းပြောကြား

နေပြည်တော် ဇန်နဝါရီ ၇

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၇) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ဂနာရီခွဲက ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက် မိန့်ခွန်းပြောကြားသည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး သင်တန်းတပ်ခွဲများကို စစ်ဆေးစဉ်။ (သတင်းစဉ်)

တက်ရောက်

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဉာဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးအုန်းမြင့်၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်၊ တပ်မတော်စစ်ဆေးရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းထိုက်၊ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဆင့်၊ စစ်ဥပဒေချုပ်

စာမျက်နှာ ၈ ကော်လံ ၁ ■

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

စောဖိုးစီ၏ KNU ဘာလဲ ဆောင်းပါးကို စာ-၆၊၇ တွင် ဖတ်ရှုနိုင်ပါသည်။